# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၁၉ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၅၀)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# ၂၀၀၆ ခုနှစ် (၄၅) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အဖွင့်အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၁၈

၂၀၀၆ခုနှစ် (၄၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။





**အမှာစကားပြောကြား**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၆ခုနှစ် (၄၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဗိုလ်ချုပ်မြင့်လှိုင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် ၎င်းတို့၏မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ပြိုင်ပွဲဝင်ဘောလုံးအသင်းများက စစ်ကြောင်းပုံစံဖြင့် ချီတက်အလေးပြုကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ယှဉ်ပြိုင်ကစား**

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ဘောလုံးအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ဘောလုံးအသင်းက ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

**(သတင်းစဉ်)**

**မြန်မာ့အလင်း ဆောင်းပါး အညွှန်း**

**ဒီနေ့ကာလမှာ နိုင်ငံမတည်မငြိမ်ဖြစ်အောင်၊ ဆူပူအုံကြွမှုတွေဖြစ်လာအောင် ပြည်သူတွေအတွင်းမှာ လုပ်ကြံဖန်တီး လှုံ့ဆော်နေတဲ့ အဖြူရောင်လှုပ်ရှားမှုတို့၊ လူထုဆန္ဒပြလွှာလက်မှတ်ရေးထိုးမှုတို့၊ ငြိမ်းချမ်းရေးဝတ်ပြုဆုတောင်းပွဲတို့ဆိုတဲ့ နိုင်ငံရေးစတန့်လုပ်ပွဲတွေနဲ့ ပြည်သူတွေကို လိမ်ပြီးရင်းလိမ်နေတာဟာ ဘာကမျှမဆန်းတဲ့ နိုင်ငံရေး မီးရှူးမီးပန်း လွှတ်တာတွေပဲဖြစ်။**


ပေါက်စ ၏ တစ်လိမ်နှစ်လိမ် ပွေလိမ်ရှုပ်နေသော ပါတီနိုင်ငံရေးစတန့် ဆောင်းပါး (စာ-၈၊ ၉)


**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

# နိုင်ငံတော်ကအားထားရမည့် လေသူရဲကောင်းဖြစ်ရေးကြိုးပမ်း

နိုင်ငံတော်က တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီ တပ်မတော်အဖြစ် တည်ဆောက်နေသည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် တည်ဆောက်ရေး တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ပြီး နည်းပညာမြင့်မား၍ ခေတ်မီသည့်လေယာဉ်၊ ရဟတ်ယာဉ်များကို ကျွမ်းကျင်စွာ မောင်းနှင်ပျံသန်းနိုင်သည့် လေသူရဲများကို နိုင်ငံတော်က လေ့ကျင့်သင်ကြား မွေးထုတ်ပေးလျက်ရှိသည်။

လေသူရဲများသည် ကမ္ဘာ့ဖြစ်ပေါ်ပြောင်းလဲနေမှု အခြေအနေအရပ်ရပ်ကို မျက်ခြည်မပြတ် လေ့လာနေပြီး ကြိုတင်မျှော်တွေးတတ်မှု၊ ထိုးထွင်း ကြံဆတတ်မှုတို့နှင့်အတူ ပေးအပ်သည့်တာဝန် များကို ခေတ်နှင့်လျော်ညီစွာ ကျေပွန်အောင် ထမ်းဆောင်နိုင်ကြရမည်ဖြစ်သည်။

စိတ်ဓာတ်ကောင်းလျှင် စည်းကမ်းကောင်းလာသကဲ့သို့ စိတ်ဓာတ်နှင့် စည်းကမ်းကောင်းလျှင် တိုက်ရည်ခိုက်ရည်လည်း ကောင်းမွန်လာမည်ဖြစ်သည်။ ထို့ကြောင့် ယင်းစိတ်ဓာတ်များကို မွေးမြူထိန်းသိမ်းကြရန်နှင့် ပေးအပ်သည့်တာဝန်ကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။ တာဝန်ကို အောင်မြင်အောင်ထမ်းဆောင်နိုင်ရန်အတွက် အမြဲတမ်း လေ့ကျင့်နေကြရမည်၊ အမြဲတမ်းစစ်ရေးသတိရှိနေရမည်၊ အမြဲတမ်းတိုက်ပွဲဝင် အသင့်ဖြစ်နေရမည် ဖြစ်သည်။

နိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားလူမျိုးများ ပေါင်းစည်း နေထိုင်ရာ ပြည်ထောင်စုကြီးဖြစ်သည်။ လေသူရဲများသည် ကိုယ်တိုင်လည်း ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ကြရမည်ဖြစ်သကဲ့သို့ မိမိတာဝန်ကျရာ ဒေသ၌ရှိသည့် သွေးချင်းသားချင်း တိုင်းရင်း သားများအကြားတွင်လည်း စစ်မှန်ခိုင်မြဲသော ပြည်ထောင်စုစိတ်ဓာတ်ကို တည်ဆောက်ပေးကြရမည် ဖြစ်သည်။

နိုင်ငံတော်နှင့် တပ်မတော်အတွက် အနာဂတ် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် လေသူရဲ များအား နိုင်ငံတော်က လေ့ကျင့်မွေးထုတ်ပေးခဲ့ပြီးဖြစ်ရာ နိုင်ငံတော်နှင့်တပ်မတော်၏ စေတနာကို နားလည် သဘောပေါက်ပြီး နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးနှင့် ကာကွယ်ရေးအတွက် နိုင်ငံတော်က အားထားရ မည့်အရာရှိကောင်း၊ လေသူရဲကောင်းများဖြစ်ရေး ကြိုးပမ်းအားထုတ်သွားကြမည်ဟု ယုံကြည်ပါ သည်။ ။

**ဒေါက်တာအောင်မျိုး့အား ရည်စူး၍ အမှတ်(၁၆)၊ ခြောက်လွှာ–၁၄၈လမ်း၊ ပျားရည်ကုန်းရပ်ကွက် တာမွေမြို့နယ်နေ သားဦးအောင်မိုး မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့ဝင် ဦးခင်မောင်သွင် လက်ခံယူစဉ်။**

(က–ပ)



## မြဝတီရုပ်မြင်သံကြား

**၁၉–၁၁–၂၀၀၆ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၄၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဆရာတော်ဦးဃောသိတ တရားတော်
**“ပဋိစ္စသမုပ္ပာဒ်အခြေခံ (အနုလောမ၊ ပဋိလောမ)”**

**နေ့လယ်ပိုင်း**

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **“ချန်ဗွန်းဒန်နျာ”**
၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀ ၆။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၈။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၃။ လျှပ်တစ်ပြက်
၆:၄၅ ၁၄။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ကျေးတောသူ”** (အပိုင်း–၂)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ပဟေဠိနန်းတော်
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ English Premier League Blackburn Rovers Vs Tottenham Hotspur



## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

**(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။**
**(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည် ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။**
**(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။**
**(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက် မည်။**
**(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက် မည်။**
**(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။**

## ဒီပါဝလီပွဲတော်အထိမ်းအမှတ် အခမ်းအနားကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်ချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၁၈

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းသည် နိုဝင်ဘာ ၁၄ရက် ညနေ၆နာရီခွဲက ရန်ကုန်မြို့ရှိ Hotel Nikko Royal Lake ၌ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူ ဖောင်ဒေးရှင်း(ဗဟို)က ကျင်းပသည့် ဒီပါဝလီပွဲတော် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။**

အထိမ်းအမှတ်အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ သာသနာ ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဧည့်သည်တော်များ၊ မြန်မာနိုင်ငံလုံး ဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒီပါဝလီ ပွဲတော် ကျင်းပရေးကော်မတီဝင်များ၊ မြန်မာ–အိန္ဒိယ ကုန်သည်ကြီးများ အသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဖွင့်လှစ်ပေး**

အခမ်းအနားတွင်တိုင်းမှူးဗိုလ်မှူးချုပ် လှဌေးဝင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူ ဖောင်ဒေးရှင်း(ဗဟို)နှင့် ပွဲတော်ကျင်းပ ရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်နှင့် အတွင်းရေးမှူး ဦးလှရွှေတို့က စင်မြင့် ပေါ်ရှိ မင်္ဂလာဆီမီးတိုင်ကို ဆီမီး ထွန်းညှိပြီး အခမ်းအနားကို ဖွင့်လှစ် ပေးကြသည်။

**ဂုဏ်ပြုပဝါလွှမ်းခြုံပေး**

ယင်းနောက်တိုင်းမှူးနှင့် ဝန်ကြီး တို့အား ဥက္ကဋ္ဌဦးဇော်ဇော်နိုင်နှင့် အတွင်း ရေးမှူးဦးလှရွှေတို့က ဂုဏ်ပြုပန်းကုံး စွပ်ပြီး ဂုဏ်ပြုပဝါလွှမ်းခြုံပေးကြသည်။

ထို့နောက် ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား သည်။

ယင်းနောက် သာသနာရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် က အမှာစကား ပြောကြားသည်။

**ဖျော်ဖြေတင်ဆက်**

ထို့နောက် ပွဲတော်ကျင်းပရေးကော် မတီမှ တာဝန်ရှိသူက ဒီပါဝလီပွဲတော် နှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြပြီးတမီလ် ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက် ၍ ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ဂုဏ်ပြုညစာတည်ခင်း**

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံ သည်။ **(သတင်းစဉ်)**

**ရန်ကုန်တိုင်း သုံးခွမြို့နယ် လက်ပံကျေးရွာ (၁)ရပ်ကွက် မင်းရဲကျော်စွာလမ်း အမှတ်(၅)နေ ဦးသိန်းမြင့်–ဒေါ်ဝင်းမေ မိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက် အတွင်းရေးမှူး ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

**❐ ကျောဖုံးမှ**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ခြံစည်းရိုးကြက်ဆူပင်များကို သတ်မှတ်ချက်နှင့်အညီ စိုက်ပျိုးရန်နှင့် စိုက်ပျိုးပြီးအပင်များ ရှင်သန်ဖွံ့ဖြိုးမှုရှိစေရန် ပြုစုပျိုးထောင်ခြင်း၊ ပေါင်းရှင်းခြင်း၊ မြေဆွပေးခြင်း၊ မြေဩဇာထည့်ခြင်းတို့ကို လိုအပ်သကဲ့သို့ ဆက်လက် ဖြည့်ဆည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ နှစ်ရှည်ပင် စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာကို တောင်ကုန်းများ၊ မြေလွတ်မြေလပ်များတွင် ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့စိုက်ပျိုးသွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

တြိဂံဒေသတိုင်း စစ်ဌာနချုပ်အနေဖြင့် ယခုနှစ်တွင် ရော်ဘာဧကတစ်သောင်းနှင့် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)၏ စီမံဆောင်ရွက်မှုဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ ရော်ဘာဧက ၅၅၀၀၀ကို စိုက်ပျိုးပြီးဖြစ်သည်။ လာမည့်နှစ်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)အနေဖြင့် ရော်ဘာဧကတစ်သိန်းပြည့်မီအောင် ဆက်လက် တိုးချဲ့စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

**ဝိုင်းဝန်းကြိုးပမ်း**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမ၌ ကျိုင်းတုံမြို့နယ်အတွင်းရှိ ကုန်သည်ကြီးများအသင်းမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရှင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ခိုင်မာတောင့်တင်းစေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကျိုင်းတုံမြို့နယ်မှ ကုန်သည်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များကလည်း မိမိတို့၏ ဒေသအကျိုး၊ နိုင်ငံတော်အကျိုးကို ရှေးရှုပြီး တိုးတက်ပြောင်းလဲလာသော စီးပွားရေးပုံသဏ္ဍာန်နှင့် ကုန်သွယ်မှုနည်းစနစ်များနှင့်အညီဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ဒေသခံ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားလာစေရန် နိုင်ငံတော်က စီမံဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စိုက်ပျိုးရေး လုပ်ငန်းအနေဖြင့် ဒေသဝမ်းစာဖူလုံရေးအတွက် ဒေသနှင့် ကိုက်ညီမည့် သီးနှံမျိုးကောင်းမျိုးသန့်များရွေးချယ်စိုက်ပျိုးကြရေး၊ ရော်ဘာနှင့်လက်ဖက်ကိုလည်းကောင်း၊ ခြံစည်းရိုးကြက်ဆူပင်ကိုလည်းကောင်း တိုးချဲ့စိုက်ပျိုးကြရေးနှင့် လိုအပ်ချက်များကို ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများက တတ်နိုင်သည့်ဘက်မှ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဒေသခံကုန်သည်ကြီးများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်၏အနှစ်သာရနှင့်လိုအပ်ချက် အခြေအနေများကို လက်တွေ့ကျကျ သိမြင်နားလည်ရန် လေ့လာပြီး နိုင်ငံတော်၏စီးပွားရေးကဏ္ဍပို၍ပို၍ တိုးတက်ဖွံ့ဖြိုးရန် ဈေးကွက်ကို အာရုံစိုက်ကာ ကြိုးပမ်းဆောင်ရွက်ကြရေး၊ ကြက်သွန်ဖြူနှင့် ပဲပုပ်ကဲ့သို့သော ဒေသထွက်ကုန် စိုက်ပျိုးသီးနှံများကို တိုးချဲ့စိုက်ပျိုးရေး၊ ပြည်ပပို့ကုန်များ တိုးမြှင့်ထုတ်လုပ်ပြီး သွင်းကုန်အစားထိုးသီးနှံများကိုလည်း ကြိုးပမ်း စိုက်ပျိုး ထုတ်လုပ်ကြရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံ ဒီဂရီကောလိပ်သို့ သွားရောက်ကြ၍ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် အဝေးသင်တက္ကသိုလ်စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုကြမည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းဆတ်၊ မိုင်းပျင်း၊ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းတုံနှင့် ဗန်ယန်း(မက်မန်း)မြို့နယ်တို့မှ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျွမ်းကျင်တတ်မြောက်ရန် အပတ်တကုတ်သင်ယူ ဆည်းပူးပြီး ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပြည်ထောင်စုကြီး ထာဝရအေးချမ်းသာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို ကျရာကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်းထမ်းဆောင်ကြရန်မှာ ကြားလိုကြောင်းဖြင့် ပြောကြားသည်။

**ဖြည့်ဆည်းမှာကြား**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် ကျိုင်းတုံဒီဂရီကောလိပ်မှ ဒုတိယကျောင်းအုပ်ကြီးနှင့်ပါမောက္ခဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ဆရာဆရာမများအား စုဝေးခန်းမ၌တွေ့ဆုံပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လုပ်ငန်းဆိုင်ရာများ မှာကြားကာလိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**လိုအပ်သည်များမှာကြား**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျိုင်းတုံ–မိုင်းပျင်း–တာကောလမ်း၏ ကျိုင်းတုံ–တုံတာလမ်းပိုင်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး မိုင်တိုင်အမှတ် ၃၉၂/၀၌ သဲတောင်ပြိုကျမှုအတွက် မြေထိန်းနံရံတည်ဆောက်ရေးအတွက် ဆောင်ရွက်စီမံထားရှိမှုများကို ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးက ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကိုမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များနှင့်အတူ ကျိုင်းတုံ–တုံတာလမ်းပိုင်းရှိ လမ်းနှင့်တံတားများကြံ့ခိုင်မှုနှင့် လမ်းကြောင်း အခြေအနေတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

**အထောက်အကူပြု**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တံတား အမှတ် ၃၈၆/၃ ၌ အကျယ်၂၄ပေ၊ အရှည်၁၂ပေရှိ သံကူကွန်ကရစ် ၁၁မိုင်တံတား ပြင်ဆင်ဆောက်လုပ်မှု လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားရာတွင် မိတ္ထီလာ– တောင်ကြီး – ကျိုင်းတုံ – တာချီလိတ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ တာကော–မိုင်းပျင်း–ကျိုင်းတုံလမ်းအပိုင်းနှင့် ပတ်သက်၍ မိုးရာသီ၌ သဲတောင်များပြိုကျမှုမရှိစေရေးအတွက် လိုအပ်သော နေရာများ၌ ပွင့်လင်းရာသီ၌ အချိန်မီ ကျောက်စီမြေထိန်းနံရံကို စနစ်တကျ တည်ဆောက်သွားရန်၊ မူလကတ္တရာ လမ်းအကျယ်၁၂ပေကို ပြည်ထောင်စုလမ်းဖြစ်သည်နှင့်အညီ နိုင်ငံတော်မှ ညွှန်ကြားသော ၁၂ပေ အကျယ် ထပ်မံ၍ အမာခံ ကျောက်ချောလမ်းအဖြစ် ဆက်လက်၍ အဆင့်ဆင့်တိုးချဲ့စီမံ ပြုပြင်ဖောက်လုပ်သွားရေး၊ မြေထိန်းနံရံများ တည်ဆောက်ရာတွင် မြေထိန်းနံရံမှ ရေဆင်းမြောင်းများကို လိုအပ်သည့် နေရာတိုင်း၌ထည့်သွင်းဖောက်လုပ်ရေး၊ ထို့အပြင် မိုင်တိုင်အမှတ်၃၈၆/၀တွင် တည်ဆောက်လျက်ရှိသည့် သံကူကွန်ကရစ်တံတားကိုလည်း ခရီးသွားလာမှုလွယ်ကူစေရေးနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးတို့အတွက် အထောက်အကူပြုစေရန် စံချိန်စံညွှန်းမီနှင့် သတ်မှတ်ချိန်မီပြီးစီးရေး အင်ဂျင်နီယာများနှင့် ကျွမ်းကျင်လုပ်သားများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားပြီး ကျိုင်းတုံမြို့၌ ညအိပ်ရပ်နားသည်။ **(သတင်းစဉ်)**

**✻ ကျောဖုံးမှ**

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ကာကွယ်ရေးဝန်ကြီးဌာနမှတပ်မတော်အရာရှိကြီးများ၊ လေကြောင်းအတတ်သင် လေတပ်စခန်းလေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်နှင့်တပ်မတော်(လေ)မှ လေတပ်စခန်း ဌာနချုပ်မှူး၊ လေတပ်စခန်းမှူး၊ အုပ်မှူး၊ တပ်မှူး၊ ဌာနမှူးများ၊ မိတ္ထီလာ တပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းဆင်းအရာရှိများ၊ ယင်းတို့၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဂုဏ်ပြုညစာစားပွဲတွင် ကာကွယ်ရေး ဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများက ကျောင်းဆင်းလေသူရဲများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**နိုဝင်ဘာ ၁၄ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့ ဒီပါဝလီပွဲတော် အထိမ်းအမှတ်အခမ်းအနားတွင် မင်္ဂလာဆီမီးတိုင်ကို ထွန်းညှိကြစဉ်။** (သတင်း–၂) (သတင်းစဉ်)

# ရထားစီးခရီးသည်များသွားလာမှုအဆင်ပြေစေရေး ရန်ကုန်–မော်လမြိုင် အထူးအမြန်ရထားပြေးဆွဲမည်

ရန်ကုန် နိုဝင်ဘာ ၁၈

**ရန်ကုန်နှင့် မော်လမြိုင် ကူးသန်းသွားလာကြသည့် ရထားစီးခရီးသည် တိုးတက်များပြားလာသည့်အလျောက် ခရီးသွားလာမှု ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏အစီအစဉ်ဖြင့် ရန်ကုန်–မော်လမြိုင် လမ်းပိုင်းတွင် အထူးအမြန်ရထားများကို နိုဝင်ဘာ၁၉ ရက်မှ စတင်ပြေးဆွဲမည်ဖြစ်ရာ အမှတ်(၃၅)အဆန် ရန်ကုန်–မော်လမြိုင် အထူးအမြန်ရထားသည် ရန်ကုန်ဘူတာမှ နံနက် ၇ နာရီ ၁၅ မိနစ်တွင် ထွက်ခွာ၍ မော်လမြိုင်ဘူတာသို့ ညနေ ၅ နာရီ ၁၅မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။**

**အမှတ်(၃၆)အစုန် မော်လမြိုင်–ရန်ကုန် အထူးအမြန် အစုန်ရထားသည် မော်လမြိုင်ဘူတာမှ နံနက် ၆ နာရီတွင် ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ ညနေ ၄နာရီ ၁၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ ထိုရထားခရီးစဉ်များတွင် ကျိုက်ထိုဘူတာ၌သာ ရပ်တန့်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ ကြေညာထားသည်။** (သတင်းစဉ်)

# ပုဇွန်တောင်မြို့နယ် ဓမ္မပူဇာအထူးတရားပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၈**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်၅ ရပ်ကွက် သံဃာ့ဒါနဆွမ်းလောင်းအသင်း၏ (၅၉)ကြိမ်မြောက် ဆွမ်းအောင်ပွဲအထိမ်းအမှတ် ပထမအကြိမ် ဓမ္မပူဇာ အထူးတရားပွဲကို ညောင်တန်းအိမ်ရာ ညောင်တန်းလမ်းသွယ်(၁)၌ နိုဝင်ဘာ ၂၄ ရက် ညနေ ၇နာရီတွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ(ရွှေလင်းယုန်ဆရာတော်)ကလည်းကောင်း၊ နိုဝင်ဘာ ၂၅ ရက် ည ၇ နာရီ၌ ဘဒ္ဒန္တအရှင်ကောသလ္လ(ဓမ္မစေတီဆရာတော်) မဟာဓမ္မာစရိယ M.A (Buddhism)က လည်းကောင်း၊ နိုဝင်ဘာ ၂၆ ရက် ည ၇ နာရီတွင် ဒေါက်တာ အရှင်ကောဝိဒ ဓမ္မကထိက ဗဟုဇနဟိတဓရ ကမ္မဋ္ဌာနာစရိယ သာသနတက္ကသီလ ဓမ္မာစရိယ(မဇ္ဈိမဂုဏ်ရည်ဆရာတော်)က လည်းကောင်း၊ နိုဝင်ဘာ ၂၇ရက် ည၇နာရီ၌ ပြည်တော်ဦးဆရာတော် အရှင်ပဏ္ဍိစ B.A (Myanmar)ကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တောင်ကြီးမြို့အကျဉ်းထောင်၏တောင်လေးလုံးစိုက်ပျိုးရေးအလုပ်စခန်း၌ အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါကာကွယ်ရေး အသိပညာပေးဟောပြော

**ရန်ကုန် နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်ကျန်းမာရေးဦးစီးဌာန၏ ပြည်နယ်ခုခံအားကျ/ကာလသား ရောဂါတိုက်ဖျက်ရေးဌာနက ဆရာဝန်ကြီး ဒေါက်တာဉာဏ်ထွန်းခေါင်းဆောင်သော အဖွဲ့ဝင်ခုနစ်ဦးတို့သည် အောက်တိုဘာ ၂၆ရက်တွင် တောင်ကြီးမြို့ အကျဉ်းထောင်၏ တောင်လေးလုံးစိုက်ပျိုးရေးအလုပ်စခန်းရှိ အကျဉ်းသား ၇၀၊ ရဲဘက် ၃၀နှင့် အကျဉ်းသူ ၆၅ဦး စုစုပေါင်း ၁၆၅ဦးတို့အား အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါကာကွယ်ရေး အသိပညာပေးဟောပြောဆွေးနွေးပြီး**(အောက်ပုံ)** ကာလသားရောဂါရှိ၊ မရှိကို စစ်ဆေးမှုများပြုလုပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ဘွဲ့ရ ကျောင်းသားကျောင်းသူဟောင်းများ မိတ်ဆုံပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၈**

ရန်ကုန် ကွန်ပျူတာတက္ကသိုလ်ဘွဲ့ရ ကျောင်းသားကျောင်းသူဟောင်းများ၏ မိတ်ဆုံညစာစားပွဲကို ဗဟန်းမြို့နယ် ရွှေဂုံတိုင်မီးပွိုင့်အနီးရှိ Excel Treasure Restaurant ၌ ဒီဇင်ဘာ၂ရက်(စနေနေ့) ည၆နာရီတွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသားကျောင်းသူဟောင်းအားလုံး တက်ရောက်ကြရန်နှင့် အသေးစိတ်သိလိုပါက ကိုမန်းကိုကိုဝင်း ဖုန်း–၀၉–၅၀–၂၁၆၇၇၊ ကိုအေးထွန်းလင်း ဖုန်း–၀၉–၅၁–၁၉၁၁၇၊ ကိုမင်းဦး ဖုန်း–၀၉– ၅၀–၀၇၁၆၆၊ ကိုမိုးသူကျော် ဖုန်း– ၀၉–၈၀–၂၂၀၇၁၊ ကိုကျော်မြတ်သော် ဖုန်း–၀၉–၈၀–၂၄၄၁၈၊ ကိုကျော်မောင်မောင်ဝင်း ဖုန်း–၀၉–၈၀–၂၄၂၂၇၊ ကိုရူပ ဖုန်း–၀၉–၈၀–၂၃၆၄၆ နှင့် ကိုရဲဝင့်ထူး ဖုန်း–၀၉–၅၀–၀၃၇၀၀တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**



## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တရုတ်နိုင်ငံ ဟေဘေးပြည်နယ်ရှိ ရှန်ဂန်ပြည်သူ့ဆေးရုံ၌ ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဆရာဝန်များက ကျန်းမာရေးစစ်ဆေးကုသပေးနေသည်ကို နိုဝင်ဘာ ၁၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

# ဆေးဝါးအတုများကို ထိရောက်စွာ နှိမ်နင်းရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တိုက်တွန်းပြောကြား

**ဂျီနီဗာ နိုဝင်ဘာ ၁၈**

အမေရိကန်ဒေါ်လာ ဘီလီယံ၃၀ဖိုးရှိ ဆေးဝါးအတုများသည် ဆင်းရဲသောနိုင်ငံအချို့၏ ဈေးကွက်များတွင် ၃၀ ရာခိုင်နှုန်း မြင့်တက်လာ၍ ထိထိရောက်ရောက် နှိမ်နင်းသွားရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အစိုးရများအား နိုဝင်ဘာ၁၅ရက်တွင် တိုက်တွန်းလိုက်သည်။

**ဘေးဒုက္ခပေးနိုင်**

ဆေးဝါးအတုများသည် လူနာများအား ကုသရာတွင် မအောင်မြင်သည့်အပြင် ဘေးဒုက္ခပါပေးနိုင်ကြောင်း၊ အချို့သောလူနာများမှာ သေကျေကြရကြောင်း ဒဗလျူအိတ်ချ်အို၏ ကြေညာချက်တွင် ဖော်ပြသည်။

**အရေးယူဆောင်ရွက်**

ထိုသို့ ဆေးဝါးအတုများ ရောင်းဝယ်ဖောက်ကားနေမှုကို အစိုးရများက မှုခင်းတစ်ရပ်အဖြစ် ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်သွားရန် ရည်ရွယ်လျက် ဒဗလျူအိတ်ချ်အိုက ကျန်းမာရေးအဖွဲ့အစည်းများနှင့် ရဲတပ်ဖွဲ့ဝင်များ ကျောထောက်နောက်ခံပြု၍ အစီအစဉ်တစ်ရပ်ဆောင်ရွက်နေပြီဖြစ်သည်။

**လေ့လာတွေ့ရှိ**

ဆေးဝါးအတုများ နောက်ဆုံး တွေ့ရှိလေ့လာချက်အရ ၃၀ရာခိုင်နှုန်း အထိတိုးပွား များပြားလာသော ဒေသများမှာ လက်တင်အမေရိကမှ နိုင်ငံအချို့၊ အရှေ့တောင်အာရှနှင့် ဆာဟာရ အာဖရိကဒေသခွဲတို့ဖြစ်သည်ဟု ဆိုသည်။

**အမ်အင်အေ၊ရိုက်တာ**

# တရုတ်နိုင်ငံတွင် လုံခြုံရေးစက်ရုပ်ထုတ်လုပ် အများပြည်သူဆိုင်ရာ နေရာများ၌အသုံးပြုမည်

တီအင်ကျင်း နိုဝင်ဘာ ၁၈

**အများပြည်သူဆိုင်ရာ နေရာများတွင် လုံခြုံရေးဆောင်ရွက်မှုပေးနိုင်သည့် စက်ရုပ်တစ်ခုကို တရုတ်သိပ္ပံပညာရှင်များက အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြသည်။**

အဆိုပါ စက်ရုပ်သည် လုံခြုံရေးနှင့် ပတ်သက်သည့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်သော တရုတ်နိုင်ငံထုတ် ပထမဆုံးစက်ရုပ်ဖြစ်ပြီး လာမည့်နှစ်လနှင့်သုံးလအတွင်း ဈေးကွက်၌ ရောင်းချနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုစက်ရုပ်ကို တရုတ်နိုင်ငံ မြို့ပြလေကြောင်း တက္ကသိုလ်နှင့် တီအင်ကျင်းယန်အီလက်ထရွန်နစ် နည်းပညာလုပ်ငန်းတို့က ပူးပေါင်းထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ထိုစက်ရုပ်သည် အများပြည်သူဆိုင်ရာ နေရာများတွင် ကင်းလှည့် စောင့်ကြပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် လေဆိပ်များ၊ ကုန်လှောင်ရုံများ၊ ကုန်ပဒေသာဆိုင်ကြီးများနှင့် အများပြည်သူဆိုင်ရာ နေရာများတွင်အဆိုပါလုံခြုံရေး စက်ရုပ်များကို အသုံးပြုသွားမည်ဖြစ်သည်။

**ဘီးနှစ်ဘီးပါစက်ရုပ်**

၎င်းစက်ရုပ်သည် ဘီးနှစ်ဘီးပါရှိပြီး အရှည်စင်တီမီတာ ၉၀၊ အကျယ် ၅၅ စင်တီမီတာနှင့် အမြင့်၇၅ စင်တီမီတာရှိကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**



တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်တွင် ဆမ်ဆောင်းကုမ္ပဏီမှ ထုတ်လုပ်သော မိုဘိုင်းလ်ဖုန်းနှင့် အီလက်ထရွန်နစ်ပစ္စည်းများကို ဝန်ထမ်းတစ်ဦးက ပြသနေသည်ကို နိုဝင်ဘာ ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

# ရာဇဝတ်မှုကျူးလွန်သည့် ကန်တပ်ဖွဲ့ဝင် တရားရုံးကထောင်ဒဏ်အနှစ်၉၀ချမှတ်

**ဝါရှင်တန် နိုဝင်ဘာ ၁၈**

အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသည် အီရတ်မိန်းကလေးတစ်ဦးအား ဗလက္ကာရပြု၍ သူမနှင့် သူမ၏မိသားစုအား သတ်ဖြတ်ခဲ့မှုဖြင့် နိုဝင်ဘာ၁၆ရက်က ထောင်အနှစ်၉၀ချလိုက်ကြောင်း မီဒီယာများက ဖော်ပြသည်။

**စွပ်စွဲ**

အဆိုပါအမေရိကန်တပ်ဖွဲ့ဝင်မှာ ဂျိမ်းစ်ဘာကာဖြစ်ပြီး ၂၀၀၆ခုနှစ် မတ်လက အထက်ပါဖြစ်စဉ်တွင် ပါဝင်သည်ဟု ၎င်းမိသားစုက စွပ်စွဲခဲ့ရသည့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦးအနက်မှ တစ်ဦး ဖြစ်သည်။

**ဝန်ခံထွက်ဆို**

၎င်းသည် နိုဝင်ဘာ၁၅ရက်က အဆိုပါပြစ်မှုကို ကျူးလွန်မိကြောင်း အမေရိကန်နိုင်ငံ ကင်တပ်ကီပြည်နယ် ဖို့ဒ်ကင်းဘဲလ်မြို့ရှိ တရားရုံး၌ ဝန်ခံထွက်ဆိုခဲ့သည်။

အဆိုပါအမေရိကန်တပ်ဖွဲ့ဝင်အား ပြစ်မှုထင်ရှားသဖြင့် ၎င်းတရားရုံးက ထောင်ဒဏ် အနှစ်၉၀ ချမှတ်လိုက်သည်။

**ကျူးလွန်**

၎င်းသည် ၂၀၀၆ခုနှစ် မတ်လက ဘဂ္ဂဒက်တောင်ဘက် ၃၂ကီလိုမီတာအကွာ မာမွတ်ဒီယာကျေးရွာ၌ အထက်ပါအမှုကို ကျူးလွန်ခဲ့သူဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ပြည်တွင်းစစ်နွံတွင်းမှ အီရတ် ရုန်းမထွက်နိုင်

**လီလီ နိုဝင်ဘာ ၁၈**

အီရတ်နိုင်ငံမှာ ပြည်တွင်းစစ်အတွင်းသို့ ကျဆင်းသွားရပြီးဖြစ်ပြီး အမေရိကန်နှင့် အပေါင်းပါတို့၏ ကျူးကျော်ဝင်ရောက်မှုကြောင့် အီရတ်တွင် မတည်မငြိမ်မှုဖြစ်ပေါ်စေကြောင်း အမေရိကန်အစိုးရ၏အရှေ့အလယ်ပိုင်းဆိုင်ရာ မူဝါဒကို ဝေဖန်ရာ၌ ပြင်သစ်ဝန်ကြီးချုပ် ဒိုမီနစ်ဒီဗီလက်ပီက နိုဝင်ဘာ၁၆ရက်တွင် ထည့်သွင်း ပြောကြားလိုက်သည်။

အမေရိကန် စစ်ဆင်ရေးများမှာ အောင်မြင်မှုရရှိနိုင်မည် မဟုတ်ကြောင်း ဒီဗီလက်ပီက ပြောကြားသည်။

အီရတ်နိုင်ငံအတွင်း အမေရိကန်စွက်ဖက်မှုမှာအရေးနိမ့်မှာသေချာကြောင်း ၎င်းတို့၏လုပ်ရပ်ကြောင့် အနောက်အုပ်စုအတွင်း စိုးရိမ်မှု၊ သဘောထားကွဲလွဲမှုနှင့်တကွ အနောက်အုပ်စုအပေါ် ရန်လိုစိတ်များ ပိုများပါကြောင်း ၎င်းက ထောက်ပြပြောကြားသည်။

**အမ်အင်အေ၊ ရိုက်တာ**

# ချောကလက် မြင်းဆွဲရထားလုံး

**ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့ မြောက်ဘက် အိုဘီဒိုစ်ကျေးရွာတွင် ချောကလက်များဖြင့် ပြုလုပ်ထားသော မြင်းဆွဲရထားလုံးတစ်စီး ပြသထားသည်ကို နိုဝင်ဘာ ၁၇ ရက်၌ တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)



# တာဝေးပစ်ဒုံးကျည် ပါကစ္စတန်စမ်းသပ်

**အစ္စလမ္မာဘတ် နိုဝင်ဘာ ၁၈**

ပါကစ္စတန်နိုင်ငံက ဟာတက်ဖ်–၅အမည်ရှိ တာဝေးပစ်ဒုံးကျည်ကို နိုဝင်ဘာ၁၆ရက်က အောင်မြင်စွာ စမ်း သပ်ပစ်ခတ်နိုင်ခဲ့ကြောင်း အဆိုပါစစ်တပ်က ပြောကြားသည်။

**ဖော်ပြ**

အဆိုပါဒုံးကျည်သည် ကီလိုမီ တာ ၁၃၀၀အကွာအဝေးသို့ပစ်ခတ်ခဲ့ကြောင်း ၎င်းစစ်ဘက်၏ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

**စမ်းသပ်ပစ်ခတ်**

ယင်းဒုံးကျည်စမ်းသပ်ပစ်ခတ်မှုကို ကြည်းတပ်မဟာဗျူဟာတပ်ဖွဲ့ ဝင်များက မဟာဗျူဟာဒုံးကျည်အဖွဲ့၏စစ်ရေးလေ့ကျင့်မှု ပြုလုပ်စဉ်အတွင်း စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း ၎င်းကြေညာချက်၌ ဖော်ပြသည်။

**လာရောက်ကြည့်ရှု**

ယနေ့ ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုကို ပါကစ္စတန်ဝန်ကြီးချုပ် ရှော့ကတ်အဇစ်နှင့် ကြည်းတပ်ဒုတိယဦးစီးချုပ် ဗိုလ်ချုပ်ကြီး အာဆန်ဆလင်းမ်ရပ်တို့အပြင် စစ်ဘက်အရာရှိကြီးများ၊ သိပ္ပံပညာရှင်များနှင့် မဟာဗျူဟာအဖွဲ့၏ အင်ဂျင်နီယာများလည်း လာရောက်ကြည့်ရှုခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# မလေးရှား၊ စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံတို့ မလက္ကာရေလက်ကြားလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုအောင်မြင်

ဂျကာတာ နိုဝင်ဘာ ၁၈

**မလေးရှား၊ စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ၂၀၀၂ခုနှစ် ဇူလိုင်လ မှစ၍ မလက္ကာရေလက်ကြား၌ ပူးပေါင်းကင်းလှည့်ခြင်းများ ညှိနှိုင်းဆောင်ရွက်ခဲ့မှုကြောင့် ရာဇဝတ်မှုခင်းများဖြစ်ပွားမှုနှုန်းမှာ သိသာစွာလျော့ချနိုင်ခဲ့ကြောင်း အင်ဒိုနီးရှားရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးဆလာမက်ဆိုဘီဂျန်တိုက ပြောကြားသည်။**

အဆိုပါ သုံးနိုင်ငံလုံခြုံရေး ပူးပေါင်းဆောင်ရွက်သည့် မလက္ကာ ရေလက်ကြားတွင် မှုခင်းများဖြစ်ပွားမှု လျော့ချရာတွင် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယင်းရေလမ်းကြောင်းကို အသုံးပြုနေသော အမေရိကန်နှင့် ဂျပန်ကဲ့သို့သော နိုင်ငံများကလည်း ယင်းအောင်မြင်မှုကို ချီးကျူးလိုက်ကြောင်း ၎င်းရေတပ် ဦးစီးချုပ်၏ ပြောကြားချက်ကို အင်တာရာသတင်းဌာနက နိုဝင်ဘာ ၁၆ ရက်တွင် ကိုးကားဖော်ပြသည်။

## ဓားပြတိုက်မှု

၂၀၀၄ခုနှစ်က အဆိုပါရေလက်ကြားတွင် ပင်လယ်ဓားပြတိုက်မှု ၃၀ အထိရှိရာမှ ၂၀၀၅ ခုနှစ်တွင် ၁၅ မှုသာ ရှိခဲ့ကြောင်း၊ ယခု ၂၀၀၆ နှစ်ကုန်ပိုင်းအထိ နှစ်မှုသာလျှင် ရှိတော့ကြောင်း ၎င်းက ပြောကြားသည်။

## ဆောင်ရွက်

အဆိုပါ ရေလက်ကြားလုံခြုံရေး ထိန်းသိမ်းမှုကို အထက်ပါသုံးနိုင်ငံကသာလျှင် တာဝန်ယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အခြားနိုင်ငံစစ်တပ်များက လုံခြုံရေးဆောင်ရွက်ရန် လိုအပ်မည်မဟုတ်ကြောင်းလည်း ၎င်းကထပ်လောင်း ပြောကြားလိုက်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ကနေဒါ ပစိဖိတ်ကမ်းရိုးတန်း၌ လေပြင်းများတိုက်ခတ်

ဗန်ကူးဗား နိုဝင်ဘာ ၁၈

**ကနေဒါ ပစိဖိတ်ကမ်းရိုးတန်းတွင် နိုဝင်ဘာ ၁၅ရက်က မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်ခဲ့ရာ သစ်ပင်များ အမြစ်မှ လဲကျခြင်း၊ ခရီးစဉ်များ ဖျက်သိမ်းလိုက်ရခြင်းနှင့် အဆောက်အအုံ ပြိုကျမှုတို့ ဖြစ်ပွားခဲ့သည်။**

## ပြိုကျမှုဖြစ်ပွား

**ဗန်ကူးဗားမြို့ရှိ ဆောက်လုပ်ဆဲ လေးထပ်အဆောက်အအုံတစ်ခု ပြိုကျမှု ဖြစ်ပွားခဲ့ကြောင်း သို့ရာတွင် ဆောက်လုပ်ရေး လုပ်သားများ ကော်ဖီသောက်နားချိန်ဖြစ်သဖြင့် ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း သိရသည်။**

## ပြောကြား

**အခြားဆောက်လုပ်ရေး လုပ်ငန်းခွင်တစ်ခုသို့ ပြောင်းရွှေ့ရန် စီစဉ်ထားသည့် ကားများထားရှိရာ နေရာတွင် အမိုးပြိုကျခဲ့သဖြင့် ကားများပျက်စီးခဲ့ရကြောင်း၊ ယင်းဖြစ်ပွားမှုကို ချက်ချင်းမသိရှိခဲ့ရကြောင်း၊ ရာသီဥတုကြောင့် ဖြစ်ပွားဖွယ်ရှိကြောင်း မီးသတ်ဌာနက ဒေသမီဒီယာများအား ပြောကြားသည်။**

## ပြောင်းရွှေ့

**ဗန်ကူးဗား မြောက်ပိုင်းတွင် တစ်နာရီ ကီလိုမီတာ ၁၀၀ နှုန်းဖြင့် တိုက်ခတ်ခဲ့ရာ နေအိမ်များပေါ်သို့ သစ်ပင်များ ကျိုးကျခဲ့ရသည်။ ရာသီဥတုဆိုးရွားသည့်ပြည်နယ်ရှိ နေအိမ် ၃၀ ကို ကယ်ဆယ်ရေးအရာရှိများက ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့သည်။**

အမ်အင်အေ၊ဆင်ဟွာ



**တရုတ်နိုင်ငံ ပေကျင်းမြို့တော်၌ ပါရီမှပေကျင်းသို့ အပြည်ပြည်ဆိုင်ရာ ခရီးရှည်ကားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ကားများကို နိုဝင်ဘာ ၁၅ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

# တရုတ်နှင့် အေပက်အဖွဲ့ဝင်နိုင်ငံများ ကုန်သွယ်မှု ပထမကိုးလအတွင်း ၂၁ ရာခိုင်နှုန်းမြင့်တက်

**ပေကျင်း နိုဝင်ဘာ ၁၈**

တရုတ်နိုင်ငံသည် ယခုနှစ်ပထမကိုးလအတွင်း အာရှ–ပစိဖိတ်စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအဖွဲ့(အေပက်) နိုင်ငံများနှင့် ကုန်သွယ်မှုသည် ၂၀၀၅ ခုနှစ်ကထက် ၂၁ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၃၅ ဒသမ ၅ဘီလီယံရှိခဲ့ကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁၅ရက်တွင် ထုတ်ပြန်သည်။

တရုတ်နိုင်ငံနှင့် အေပက်နိုင်ငံများအကြား ကုန်သွယ်မှုများမှာ များမကြာမီကထက် ပိုမိုနီးစပ်လာခဲ့ကြောင်း ကုန်သွယ်ရေးဝန်ကြီး ချောင်ကွန်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

အေပက်သည် တရုတ်နိုင်ငံ၏ အဓိကကုန်သွယ်ဖက် ဖြစ်လာပြီး ၂၀၀၅ ခုနှစ်က အမေရိကန်ဒေါ်လာ ၉၆၀ ဒသမ ၈ ဘီလီယံဖိုး ကုန်သွယ်မှုပြုခဲ့သည်။

တရုတ်နိုင်ငံ၏ အဓိကကုန်သွယ်ဖက်ဒေသ ၁၀ ခုတွင် (အေပက်) အဖွဲ့ဝင် ရှစ်ခုပါဝင်သည်။ ၂၀၀၅ခုနှစ်အတွင်း တရုတ်နိုင်ငံသို့ ပြည်ပရင်းနှီးမြှုပ်နှံမှု၏ ၇၁ ရာခိုင်နှုန်းမှာလည်း အေပက်အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည်။

တရုတ်နိုင်ငံအတွင်းသို့ ပြည်ပရင်းနှီးမြှုပ်နှံမှု၏ ၇၁ ရာခိုင်နှုန်းမှာလည်း အေပက်အဖွဲ့ဝင်နိုင်ငံများဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## ကမ္ဘာ့အကြီးဆုံး သုံးဘီးစက်ဘီး



**ကမ္ဘာပေါ်တွင် အကြီးဆုံး သုံးဘီးစက်ဘီးတစ်စီးကို တွေ့ရ စဉ်။** (ယာပုံ)

အိန္ဒိယနိုင်ငံ အရှေ့တောင်ပိုင်း ဟိုင်ဒါရာဘတ်မြို့တွင် သံချောင်းများဖြင့် ပြုလုပ်ထားသော သုံးဘီး စက်ဘီးကြီးတစ်စီးမှာ အမြင့် ၄၁ ပေနှင့် ၇ လက်မရှိရာ ကမ္ဘာပေါ် တွင် အမြင့်ဆုံးနှင့် အကြီးဆုံး သုံးဘီးစက်ဘီးတစ်စီး ဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**



## စိန်စီသော ဘောလုံး

**ဘောလုံးမျက်နှာပြင်တွင် စိန်ပွင့်များ စီခြယ်ထားသော ဘောလုံးတစ်လုံးကို တွေ့ရစဉ်။** (ဝဲပုံ)

တရုတ်နိုင်ငံ ကျင်တောင်မြို့တွင်ခင်းကျင်းပြသထားသော ဘောလုံးတစ်လုံး၌ မျက်နှာပြင်တွင် အဖြူရောင်စိန်ပွင့် ၆၂၆၃ ပွင့်၊ အနက်ရောင်စိန်ပွင့် ၂၄၈၄ ပွင့်နှင့် ရွှေ ၁၈ ကီလိုဂရမ်တို့ဖြင့် ပြုလုပ်ထားရာ တန်ဖိုး ငွေယွမ် ၉ ဒသမ ၈၈ သန်း တန်ဖိုးရှိပြီး ကမ္ဘာပေါ်တွင် တစ်လုံးတည်းရှိသော တန်ဖိုးကြီးမားသည့် ဘောလုံးအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်မည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

# အီရတ်၌ နှစ်ရက်အတွင်း ကန်တပ်ဖွဲ့ဝင် ၁၀ ဦးသေဆုံး

**ဘဂ္ဂဒက် နိုဝင်ဘာ ၁၈**

အီရတ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး အခြားနှစ်ဦးဒဏ်ရာရရှိခဲ့သဖြင့် အီရတ်နိုင်ငံတွင် နှစ်ရက်အတွင်း အမေရိကန် တပ်ဖွဲ့ဝင် ၁၀ဦး သေဆုံးခဲ့ရကြောင်း အမေရိကန်စစ်ဘက်က နိုဝင်ဘာ ၁၆ ရက်၌ ပြောကြားသည်။

## ဒဏ်ရာရရှိ

အီရတ်နိုင်ငံတွင် နိုဝင်ဘာ ၁၅ ရက်ကလည်း အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းလာသော မော်တော်ယာဉ်အနီး ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများဖြစ်ခဲ့ရသည်ဟု အဆိုပါစစ်ဘက်က ပြောကြားသည်။

## တိုက်ခိုက်

ထို့အပြင် အီရတ်နိုင်ငံ ဒိုင်ယာလာ ပြည်နယ်တွင်လည်း နိုဝင်ဘာ ၁၅ရက်က အီရတ်လက်နက်ကိုင်များနှင့် တိုက်ခိုက်မှုဖြစ်ပွားခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးခဲ့ရသည်။

## သေဆုံး

တစ်ဖန် နိုဝင်ဘာ ၁၄ ရက်က ဘဂ္ဂဒက်မြို့တွင် လက်နက်ငယ်များဖြင့် တိုက်ခိုက်မှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရသည်။ ထိုနေ့မှာပင် ဘဂ္ဂဒက်မြို့ အနောက်မြောက်ပိုင်းတွင် လမ်းဘေး ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံးခဲ့ရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ သင်တန်းကျောင်းများ ကြည့်ရှုစစ်ဆေး လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ထားရှိ မှုများ ဖြည့်ဆည်းမှာကြား

ရန်ကုန် နိုဝင်ဘာ ၁၈

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် သံလွင်လမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဌာနသို့ ရောက်ရှိလာသည်။**

## ဖြည့်ဆည်းမှာကြား

ရှေးဦးစွာ ညှိနှိုင်းခန်းမဆောင်၌ ဝန်ကြီးအား လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မြင့်က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၌ ဆောင်ရွက်လျက်ရှိသော အမျိုးသမီးများအား ပြုစုစောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းရပ်များ၊ ကျန်းမာရေးအခြေအနေ၊ အလုပ်အကိုင်နေရာချထားမှုတို့ကိုလည်းကောင်း၊ ကျောင်းအုပ်ချုပ်ရေးမှူး ဒေါ်ခင်ဝင်းနွယ်က ဝန်ထမ်းဖွဲ့စည်းပုံ၊ ကျောင်း၏လက်ခံနိုင်သော လူဦးရေ၊ နေ့စဉ် ကျွေးမွေးမှု၊ တစ်နေ့တာ လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

## ဆွေးနွေး

အလားတူ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးအဖွဲ့ ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုမှ တားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်မေစိုး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ဒေါ်ကြည်ကြည်မြနှင့် အဖွဲ့ဝင်များက အမျိုးသမီးများ ကျန်းမာရေးနှင့် အာဟာရအကြောင်း သိကောင်းစရာများကို ဆွေးနွေးပြောကြားကြသည်။

## အားပေးစကားပြောကြား

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် မရမ်းကုန်းမြို့နယ် မလိခလမ်းရှိ အမျိုးသမီးကလေးများ သင်တန်းကျောင်းသို့ရောက်ရှိလာရာ သင်တန်းကျောင်းခန်းမ၌ ညွှန်ကြားရေးမှူး ဦးစိန်ဝင်းက အမျိုးသမီးကလေးများအား သင်တန်းကျောင်း၏ ပြုစုစောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ ကျောင်းအုပ် ဒေါ်ခင်နှင်းကြည်က သင်တန်းကျောင်း၏ ဖွဲ့စည်းပုံ၊ ရန်ပုံငွေသုံးစွဲမှုအခြေအနေ၊ အလုပ်အကိုင် နေရာချထားပေးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ အိပ်ဆောင်များ၊ စားရိပ်သာ၊ မီးဖိုဆောင်နှင့် စက်ချုပ်သင်တန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီးကျောင်းသူများအား အားပေးစကား ပြောကြားသည်။

**(သတင်းစဉ်)**



**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၌ သင်တန်းသူများ ဇာထိုး၊ ပန်းထိုးနေမှုကို ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)

# မေတ္တာစမ်းရေမဂ္ဂဇင်းကော်မတီ အစည်းအဝေးကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ထုတ်ဝေမည့် မေတ္တာစမ်းရေမဂ္ဂဇင်း အတွဲ(၁)၊ အမှတ်(၆)အတွက် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၃ နာရီက တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံ အဆောက်အအုံခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စာရေးဆရာကြီးများဖြစ်ကြသည့် ဦးမျိုးသန့်(မောင်ဆုရှင်)၊ ဒေါ်စောမုံညင်း၊ ဒေါ်ခိုင်ယဉ်မွန်တို့ တက်ရောက်ကြ၍ ၂၀၀၇ခုနှစ် ဧပြီလကုန်တွင် ထုတ်ဝေနိုင်ရန်နှင့် စာမူများကို ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဒေဝူးရေခဲသေတ္တာပုံစံသစ်များ မိတ်ဆက်ရှင်းလင်း

**ရန်ကုန် နိုဝင်ဘာ ၁၈**

OK Myanmar Co., Ltd. ၏ ဒေဝူးရေခဲသေတ္တာပုံစံသစ်များ မိတ်ဆက်ရှင်းလင်းပြသခြင်း အခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် Excel Treasure Tower (၁၀)ထပ်ရှိ Crystal Jade Hall ၌ ကျင်းပရာ လျှပ်စစ်ပစ္စည်း အရောင်းဆိုင်များမှ ကိုယ်စားလှယ်များနှင့် ဧည့်သည်များ တက်ရောက်ကြသည်။

## ရှင်းလင်းပြောကြား

အခမ်းအနားတွင် OK Myanmar Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်လှိုင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်ဝိတ်က ဒေဝူးလျှပ်စစ်ပစ္စည်းများ တိုးချဲ့တင်သွင်းဖြန့်ဖြူးမည့်အခြေအနေများနှင့် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးမည့် ဝန်ဆောင်မှု အာမခံချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကုမ္ပဏီဈေးကွက်ဖြန့်ဖြူးရေး အထွေထွေမန်နေဂျာ ဒေါ်သန့်သန့်ဇင်က ဖြန့်ဖြူးမည့် အစီအစဉ်များနှင့် ဒေဝူးရေခဲသေတ္တာ၊ လေအေးပေးစက်နှင့် Sanyo လေအေးပေးစက်များ ဝယ်ယူသုံးစွဲသူတိုင်းအား ကုမ္ပဏီက ဆုများကို ထိုက်ထိုက်တန်တန် ပြန်လည်ချီးမြှင့်ရန် စီစဉ်ထားသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

## အရည်အသွေး

ထို့နောက်ကုမ္ပဏီမှအင်ဂျင်နီယာများက ဒေဝူးရေခဲသေတ္တာသစ်များ(**အောက်ပုံ**)၏ အရည်အသွေး၊ တည်ဆောက်ထားပုံနှင့် ထူးခြားသည့် စွမ်းဆောင်မှုများကို ဆလိုက်ဖြင့် ရှင်းလင်း ပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ပြန်လည်ချီးမြှင့်

ဒေဝူးရေခဲသေတ္တာများသည်အရည်အသွေးကို ဦးစားပေးထုတ်လုပ်ထားပြီး ယခုဖြန့်ဖြူးမည့် ရေခဲသေတ္တာများထဲတွင် အအေးပေးစနစ်ကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ထိန်းညှိပေးသည့် အရည်အသွေးမြင့် အမျိုးအစားများ ပါဝင်သည်။ ကုမ္ပဏီအနေဖြင့် ရောင်းအားမြှင့် အစီအစဉ်ဖြင့် ဈေးကွက်အတွင်း ဖြန့်ဖြူးရန်စီစဉ်ထားပြီး ဒေဝူးရေခဲသေတ္တာနှင့် လေအေးပေးစက် ဝယ်ယူသုံးစွဲသူများအားလုံးအား ငွေကျပ် ၂၃၄ သိန်းတန်ဖိုးရှိ ဆုများကို ပြန်လည်ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ရရှိသည့်ဆုများကိုလည်း ဝယ်ယူသည့်ဆိုင်များ၌ တစ်ပါတည်း လွယ်ကူစွာ ထုတ်ယူနိုင်မည်ဖြစ်ကြောင်းနှင့် တစ်နိုင်ငံလုံးရှိ လျှပ်စစ်ပစ္စည်း အရောင်းဆိုင်များ၌ ဝယ်ယူနိုင်သည်။

အသေးစိတ် သိရှိလိုပါက ကုမ္ပဏီရုံးချုပ် အမှတ် ၁၆၃ ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့ ဖုန်း–၃၉၂၉၈၆၊ ၃၉၂၉၈၇၊ ၃၇၇၆၂၇ နှင့် ၃၉၂၉၉၇၊ fax:–၃၉၂၉၉၈၊ ဒေဝူးအရောင်းပြခန်း အမှတ် ၂၀၁–၂၀၃၊ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း–၂၄၁၀၇၇နှင့် ၃၈၇၆၄၄ နှင့် OK Myanmar Sale and Service Centre အမှတ် ယ–၄/၂၈ ရန်အောင်(၁) (မြင်းရတနာရုပ်တုအနီး) ရန်ကုန်–မန္တလေး လမ်းမဘေး ပျဉ်းမနားမြို့ ဖုန်း–၀၆၇–၂၂၉၅၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**





# ငယ်ရွယ်စဉ် ဆေးလိပ်သောက်သုံးမှု ဆီးအိတ်ကင်ဆာရောဂါဖြစ်ရန် သုံးဆပို

**အရွယ်မရောက်မီ ဆေးလိပ်သောက်ခြင်း သို့မဟုတ် ကလေးဘဝတွင် လူကြီးသူမတို့၏ ဆေးလိပ်မီးညှိ အခိုးခံရခြင်းဖြင့် အသက်အရွယ်ကြီးရင့်လာသောအခါ ဆီးအိတ်ကင်ဆာဖြစ်ရန် ပိုမိုအခြေအနေရှိကြောင်း သုတေသီများက စူးစမ်းတွေ့ရှိသည်။**

## တွေ့ရှိ

**ဗြိတိန်ကင်ဆာသုတေသနဌာနက ကုန်ကျစရိတ်ခံကာ သုတေသနပညာရှင်များက ဥရောပတိုက်တစ်ဝန်းမှ ပြည်သူ ၄၃၀၀၀၀ ခန့်ကို ကွင်းဆင်းလေ့လာပြီး စစ်တမ်းထုတ်ရာတွင် အထက်ပါအတိုင်း တွေ့ရှိရသည်။**

## သုံးဆပို

**အသက် ၁၅ နှစ်မတိုင်မီ ဆေးလိပ်သောက်သူများမှာ အသက်အရွယ် ကြီးရင့်သောအခါ ဆီးအိတ်ကင်ဆာဖြစ်ရန် သာမန်ထက် သုံးဆပိုများသည်။**

**ကလေးဘဝတွင် ဆေးလိပ်သောက်သူများ၏ ဆေးလိပ်မီးညှိခိုးခံရသူသည် ဆီးအိတ်ကင်ဆာဖြစ်ရန် သာမန်လူများထက် ရာခိုင်နှုန်း ၄၀ ပိုများသည်ကို တွေ့ရှိရသည်။** (ကိုးကား–အင်တာနက်)

# လူ့နှလုံးက အလိုလိုပြုပြင်ကုသနိုင်ဟုဆို

နှလုံးအပေါ်ယံလွှာမှ ကလပ်စည်းများသည် နှလုံးအလုပ်မလုပ်လျှင် လိုအပ်သောပြုပြင်မှုများ ပြုလုပ်ရန်အတွက် နှလုံး၏အတွင်းပိုင်းသို့ ရွှေ့သွားနိုင်ကြောင်း သိပ္ပံပညာရှင်များ ဖော်ထုတ်လိုက်သည်။

## အထောက်အကူ

ထိုကလပ်စည်းများ ပြောင်းရွှေ့ခြင်းကို သီမိုစင်ဘီတာ–၄ ခေါ်သည့် ပရိုတိန်းတစ်ခုက ထိန်းချုပ်ထားခြင်းဖြစ်သည်။ အဆိုပါ ပရိုတိန်းမှာ နှလုံး ရောဂါဖြစ်ပြီးနောက် ကြွက်သား ကလပ်စည်းဆုံးရှုံးမှုလျော့ပါးအောင် အထောက်အကူပြုကြောင်း သိရှိပြီး ဖြစ်သည်ဆို၏။

## အသုံးချနိုင်ဖွယ်

ယခုကဲ့သို့ သိပ္ပံပညာရှင်များ စူးစမ်းဖော်ထုတ်မှုကြောင့် နှလုံးရောဂါ ထိရောက်စွာကုသရေးတွင် အဆိုပါ ပရိုတိန်းကို အသုံးချနိုင်ဖွယ်ရာ ရှိလာသည်။

## တွေ့နိုင်မည်

သီမိုစင်ဘီတာ–၄ ပရိုတိန်းမရှိလျှင် အပေါ်ယံကလပ်စည်းများ နှလုံးအတွင်းပိုင်းသို့ ပြောင်းရွှေ့မသွားနိုင်ကြောင်း အသေအချာလေ့လာကြည့်လျှင် တွေ့နိုင်မည်ဆို၏။ **(ကိုးကား–အင်တာနက်)**



အင်တာနက်သတင်းနှင့် ဓာတ်ပုံ

**နိုဝင်ဘာ ၁၈ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ၈၇လမ်းနှင့် ၈၈လမ်းတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်သူ ရပ်ကွက်သားများ ပူးပေါင်း၍ အမှိုက်ရှင်းလင်းခြင်း၊ ခြင်ဆေးမှုတ်ခြင်းနှင့် ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးချစ်ကိုကို၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးဇော်လင်းနှင့် မြို့နယ်စည်ပင်သာယာရေး အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်သိမ်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (သတင်းစဉ်)



# းစတန့်

## ပေါက်စ

အစာမကြေ ရင်မချောင်သလိုမျိုး ဖြစ်လာကြသလား မသိဘူးခင်ဗျာ၊ “ဘာအတွက်ထိုးရမှာလဲ၊ ဘာကိစ္စထိုးရမှာလဲ၊ အကျိုးအကြောင်းလေး တောင် ဖွင့်မပြောနိုင်ဘူးလား၊ အရိပ်အငွေ့လေးတောင် အသိမပေး နိုင်ဘူးလား၊ ကျွန်တော်တို့ ကျွန်မတို့လဲ ပါတီဝင်တွေပဲ၊ ကျွန်တော်တို့ ကျွန်မတို့ကိုတောင် မယုံဘူးလား”ဆိုတဲ့ အမေးအမြန်း စူးစမ်းမှုတွေနဲ့ ပါတီဝင်တွေက အရစ်ရှည်လာတော့ ပါတီခေါင်းဆောင် အမျိုးသမီး အပါအဝင် လက်ကျန်ရှိစုမဲ့စု ပါတီခေါင်းဆောင်ဆိုသူတွေဟာ ငါးသလောက်ပြုံးလေးတွေ ကိုယ်စီကိုယ်စီ ပြုံးပြပြီး “ကျွန်မတို့ ကျွန်တော်တို့ကို ယုံပါ၊ ပါတီနဲ့ပါတီဝင်တွေအကျိုးအတွက် လုပ်မှာပါ၊ မဟုတ်တာ မလုပ်ပါဘူး၊ အခြေအနေအရဖွင့်မပြောသေးတာပါ၊ လက်မှတ်ကို ရဲရဲထိုး ကြစမ်းပါ”ဆိုတဲ့ အပြောလေးနဲ့ ဖဲသုံးချပ်သမားလို ပေါ်တင်ကြီး စားသွား ကြသတဲ့ခင်ဗျာ။

အဲသဟာအပြင် လာသေးသဗျ၊ သာအေးက ဆိုသလိုပေါ့ဗျာ။ NLD ပါတီဟာ ပါတီဝင်တွေက လက်ပြန္နုတ်ဆက် နုတ်ထွက်သွားတာ တွေကော၊ ပြည်သူတွေက နိုင်ငံနဲ့အဝန်း ဆန့်ကျင်ဒဏ်ခတ် ရှုတ်ချ ကန့်ကွက်တာတွေကော၊ ရင်ဆိုင်နေရပြီး ပါတီဌာနချုပ်ကလဲ ကျီးနှင့် ဖုတ်ဖုတ်၊ စည်းရုံးရေးကလဲ လှုပ်လှုပ်နဲ့မခိုင်မမြဲ ယိုင်လဲပြိုကျတော့ မလိုဖြစ်နေတော့ ပါတီစည်းရုံးရေးကို ပြန်လည်ဖွဲ့စည်းတဲ့ အစီအစဉ်နဲ့ ပါတီဝင်အင်အားကောင်းအောင် တိုင်းအလိုက်၊ မြို့နယ်အလိုက် ပါတီဝင် စည်းရုံးရေးဆင်းကြသဗျ။ သို့ကလို စည်းရုံးရေးဆင်းဖို့ ညွှန်ကြားတဲ့အခါမှာ ဗဟိုအလုပ်အမှုဆောင်ပုဂ္ဂိုလ်ကြီးများက ဘယ်လိုတွေမက်လုံးပေးသလဲ ဆိုတော့ “ပါတီဝင်အင်အား အများဆုံးစည်းရုံးနိုင်တဲ့ ပါတီဝင်ကို မြို့နယ်အဆင့်ဆိုရင် တိုင်းအဆင့်တိုးမြှင့် တာဝန်ပေးချီးမြှင့်မယ်၊ တိုင်းအဆင့်ဆိုရင် ဗဟိုအဆင့်အထိ တိုးမြှင့်တာဝန်ပေးချီးမြှင့်မယ်”လို့ ဩဝါဒစကားနဲ့ လမ်းညွှန်မိန့်ကြားကြသတဲ့ဗျာ။

ဘာပြောကောင်းမလဲဗျာ၊ ပါတီဗဟိုအလုပ်အမှုဆောင်ရဲ့ ပါတီတွင်း ရာထူးတိုးပေးရေး၊ မက်လုံးပေး လမ်းညွှန်မှုအရ သူ့ထက်ငါ အပြိုင်အဆိုင် အနိုင်မခံတဲ့ ပါတီဝင်စည်းရုံးရေး စီမံကိန်းကြီးဟာ တမလွန်ရောက် ပုဂ္ဂိုလ်တွေရဲ့ အမည်ရင်းတွေ၊ စိတ်မနှံ့သူတွေရဲ့ အမည်စာရင်းတွေ၊ ကာယကံရှင်ပုဂ္ဂိုလ်မသိဘဲ တိတ်တိတ်ပုန်း အလွဲသုံးစား လုပ်ထားတဲ့ အမည်စာရင်းတွေ အမှန်တကယ်ဘယ်တုန်းကမှ သက်ရှိထင်ရှားမရှိခဲ့တဲ့ လံကြုတ်အမည်စာရင်းတွေကို တန်းစီပြီး ပါတီဌာနချုပ်ကို ပို့လိုက်ကြ သပေါ့ဗျာ။

အဲ–အဖြစ်က ဆိုးသလားမပြောနဲ့ တမလွန်ရောက် ပုဂ္ဂိုလ်တွေ၊ စိတ်မနှံ့သူတွေ၊ သက်ရှိထင်ရှားမရှိခဲ့တဲ့ လံကြုတ်စာရင်းဝင်အမည်နာမ တွေက ဘယ်လိုမျှ စောဒကမတက်တော့ NLD ပါတီအတွက် သိက္ခာ ပျက် အရှက်ရစရာမရှိပေမယ့် ကာယကံရှင်ပုဂ္ဂိုလ်တွေ မသိဘဲ တိတ်တိတ် ပုန်း အလွဲသုံးစားလုပ်ခံရတဲ့ ပါတီဝင်အမည်စာရင်းပါ၊ ပုဂ္ဂိုလ်တွေ ကတော့ သူတို့မသိဘဲ ပါတီဝင်စာရင်းထည့်တာ၊ အိမ်မှာလူမရှိဘဲ အိမ်ထောင်စုစာရင်းအတိုင်း ပါတီဝင်စာရင်းကောက်သွားတာ၊ စိုက်ပျိုးရေး ဘဏ်စာရင်းမှာရှိတဲ့ စာရင်းထဲက ကူးပြီး ပါတီဝင်စာရင်းထည့်သွားတာ စသည်စသည် ကလိကမာအလုပ်တွေနဲ့၊ မလည်ရှုပ်လုပ်ပြတာတွေကို အထုပ်ဖြည်ပြီး တိုင်တန်းကြတဲ့ တိုင်စာတွေဟာ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်း စတဲ့မြို့နယ် အာဏာပိုင်အဖွဲ့အစည်းတွေနဲ့ မြို့နယ် ကော်မရှင်တွေဆီ ဝင်လာမစဲ တသဲသဲ ဖြစ်ခဲ့ဖူးသဗျ။

ပြောစရာရှိတာလေးတွေကိုတော့ ပေါက်စ ပြောချင်သေးသဗျ။ ပြည်ပမှာရှိတဲ့ ပြည်ပြေးဝရမ်းပြေး အုပ်စုတွေနဲ့ ပြည်တွင်းမှာရှိတဲ့ NLD သတင်းပေးအချို့ရဲ့ မဟုတ်မမှန်လုပ်ကြံပြောတဲ့ သတင်းတွေနဲ့ ပြည်ပအသံလွှင့်ဌာနအချို့ရဲ့ လုပ်ကြံဖန်တီးတဲ့ ဝါဒဖြန့်ထုတ်လွှင့်မှုတွေပဲ ဖြစ်ပါတယ်ဗျာ။

ပြောရမယ်ဆိုရင် ၁၉၉၉ခုနှစ်လောက်ကပေါ့ခင်ဗျာ၊ ဧရာဝတီတိုင်း အမည်ပေါက် ဖောက်ပြန်တဲ့ ကြေးစားဝါဒဖြန့်ချိရေးဝရမ်းပြေး အုပ်စုက ‘နဝတ အကျဉ်းထောင်မှ အာဇာနည်များ’ အမည်နဲ့စာအုပ်တစ်အုပ်ကို ထုတ်ဝေပြီး မြန်မာနိုင်ငံအစိုးရကို နိုင်ငံတကာအစိုးရများနဲ့ပြည်သူများက ဖိနှိပ်ရက်စက်တဲ့အစိုးရအဖြစ် အထင်အမြင်လွဲမှားအောင် ပုံဖော်လုပ်ကြံ ရေးသားထားတယ်ဗျာ။

အဲဒီစာအုပ်ပါ ရေးသားချက်တွေနဲ့ ပတ်သက်ပြီး ဘယ့်ကလောက် လိမ်လည်ထားတယ်ဆိုတာ ပေါက်စမှောက်ထားတဲ့ခွက်ကို လှန်လိုက်သလို အရင်းအတိုင်းဖော်ကောင် လုပ်ပါ့မယ်ခင်ဗျာ။ စာအုပ်ပါ အရေးအသားအရ အသက်၂၃နှစ်ရှိတဲ့ အောင်မိုးဆိုသူဟာ ၁၉၈၈ခုနှစ် စစ်တပ်က အာဏာ သိမ်းပြီးတဲ့နောက် နယ်စပ်ကိုထွက်ပြေးလာခဲ့ရာက နဝတက ကျောင်းသား များကိုလွတ်ငြိမ်းခွင့်ပေးမယ်လို့ကြေညာတဲ့အတွက် မြန်မာနိုင်ငံကို ပြန် သွားခဲ့ရာက မြန်မာနိုင်ငံကိုရောက်တာနဲ့ အောင်မိုးကိုစစ်တပ်က ဖမ်းဆီး စစ်ဆေးရိုက်နှက်ညှဉ်းဆဲလို့ ကျောရိုးအဆစ်တချို့ ပြုတ်ထွက်ပြီး ကွယ်လွန် သွားသတဲ့ခင်ဗျ။

အမှန်တော့ အောင်မိုးကို တောတွင်းကပြန်လာလို့ ဖမ်းဆီးတာ မဟုတ်ဘဲ ၂၇–၁–၉၀ရက်နေ့မှာ အစိုးရဆန့်ကျင်ရေး လှုံ့ဆော်စာတွေ ရေးသား ပုံနှိပ်ထုပ်ဝေမှုနဲ့ ပြစ်ဒဏ်ထင်ရှားတဲ့အတွက် သက်ဆိုင်ရာ တရားရုံးကထောင်ဒဏ်သုံးနှစ် အပြစ်ဒဏ် ချမှတ်လိုက်တာဖြစ်တယ်ဗျာ။ အောင်မိုးဟာ ၂၃–၆–၉၂ရက်နေ့မှာ အကျဉ်းထောင်က လွတ်လာပြီး အမှတ်၂၈၊နတ်စင်လမ်း အမှတ်(၂)ရပ်ကွက် မော်ဘီမြို့မှာနေထိုင်ရင်းနဲ့ ၂၀–၈–၉၃ရက်နေ့မှာ အပေါင်းအသင်းသူငယ်ချင်းတွေနဲ့ အရက်သေစာ သောက်စားပြီး အမူးလွန်အပျော်ကျူးရာက မော်ဘီမြို့ အမှတ်(၃)တိုးချဲ့ ရပ်ကွက်ရှိ မော်ဘီချောင်းထဲပြုတ်ကျပြီး ရေနစ်သေဆုံးခဲ့တာ ဖြစ်တယ်ဗျာ။ အဲဒီဖြစ်စဉ်ကို မော်ဘီတစ်မြို့လုံးကို မေးကြည့်ရင်သိနိုင်သဗျာ။ အလားတူပဲ အကျဉ်းထောင်ကလွတ်လာပြီး အမှတ်(၁၆) အောင်သုခလမ်း မရမ်းကုန်း မြို့နယ်မှာနေထိုင်နေတဲ့ မခင်မျိုးမြတ်( ခေါ် )မချယ်ရီဟာ ၉–၉–၉၂ ရက် နေ့မှာ ငါးချဉ်သုပ်နဲ့ထမင်းစားပြီး ငှက်ဖျားကာကွယ်ဆေး သောက်ရာက အစာအဆိပ်ဖြစ်လို့ သေဆုံးသွားခဲ့တာကိုလဲ အာဏာပိုင် အဖွဲ့အစည်းတွေရဲ့ ညှဉ်းပန်းနှိပ်စက်မှုကို မခံနိုင်တဲ့အတွက် ကိုယ့်ကိုယ်ကို ရဲရဲဝံ့ဝံ့ အဆုံးစီရင် လိုက်တာ ဖြစ်တယ်လို့ လုပ်ကြံ စွပ်စွဲခဲ့သေးတယ်ခင်ဗျာ။

အခုလိုပြည်ပြေး ဝရမ်းပြေးတွေက ကြမ်းခင်းဈေးပေါပေါနဲ့ အာဇာ နည်ဘွဲ့ အပ်နှင်းတာတွေကိုလဲ NLD ပါတီက အကြွင်းမရှိ ထောက်ခံခဲ့ တာကို ပေါက်စ အမှတ်တရ ဖြစ်မိသဗျာ။

ရှင်းရှင်းလေးပဲဗျာ၊ ပေါက်စအခုလိုမျိုး နောက်ကြောင်းပြန် နတ်သံ နှောပြီး ပြောနေရတဲ့အကြောင်းရင်းက ဒီနေ့ကာလမှာ နိုင်ငံမတည် မငြိမ်ဖြစ်အောင်၊ ဆူပူအုံကြွမှုတွေဖြစ်လာအောင် ပြည်သူတွေအတွင်းမှာ လုပ်ကြံဖန်တီး လှုံ့ဆော်နေတဲ့ အဖြူရောင်လှုပ်ရှားမှုတို့၊ လူထုဆန္ဒပြလွှာ လက်မှတ်ရေးထိုးမှုတို့၊ ငြိမ်းချမ်းရေးဝတ်ပြုဆုတောင်းပွဲတို့ဆိုတဲ့ နိုင်ငံရေး စတန့်လုပ်ပွဲတွေနဲ့ ပြည်သူတွေကိုလိမ်ပြီးရင်း လိမ်နေတာဟာ ဘာကမျှ မဆန်းတဲ့ နိုင်ငံရေးမီးရှူးမီးပန်း လွှတ်တာတွေပဲဖြစ်သဗျ။

စဉ်းစားကြည့်ကြပေါ့ဗျာ၊ ပြည်သူတွေရဲ့ရိုးသားဖြူစင်တဲ့ ပင်ကို ယဉ်ကျေးမှုစိတ်ဓာတ်အရ အဖြူရောင်ကိုမြတ်မြတ်နိုးနိုး အများဆုံး ဝတ်စား ဆင်ယင်ကြတဲ့ အခြေအနေနဲ့ ဌာနလုပ်ငန်းတွေက တူညီဝတ်စုံအနေနဲ့ ဝတ်စားဆင်ယင်နေကြတာတွေပေါ်မှာ နိုင်ငံရေးအရ အမြတ်ထုတ်ခုတုံး လုပ်ပြီး အသုံးချတာကို ပေါက်စ မကြာသေးခင်က ပြောခဲ့ပြီး၊ ရေးခဲ့ပြီးဖြစ်လို့ ထပ်ပြီးအထူးအထွေ ပေမရှည်တော့ပါဘူးခင်ဗျာ။

အခုပေါက်စပြောချင်တာက **၈၈ မျိုးဆက်ကျောင်းသားအုပ်စုဝင် အသက် ၄၀ ကျော်၊ ၅၀ လောက်ရှိပြီး၊ သားတွဲလောင်း၊ မယားတန်းလန်းနဲ့ ပရမ်းပတာ နိုင်ငံရေးစတန့်ထွင်ပြီး ထင်ရာစိုင်းနေကြသူတွေကော၊ အမျိုး သားနိုင်ငံရေး သမိုင်းစဉ်တရားကို ကန့်လန့်လိုက်ပြီး ကြီးမိုက်ကြီးတွေလို ငါမပါရင် ဘာကမျှ မပြီးမြောက်။ ငါ့လောက်အရေးပါသူ မရှိဆိုတဲ့ အတ္တစွဲ၊ ငါစွဲဝင်ဆင်းရဲက မလွတ်မြောက်နိုင်သေးတဲ့ ဝါရင့်နိုင်ငံရေး သမားကြီးများ ဆိုသူအချို့ကော၊ မလည်ရှုပ်ဘဝနဲ့ နီဂုံးချုပ်ကြရမယ့် NLD လက်ကျန် ပါတီခေါင်းဆောင်အချို့နဲ့ ပါတီဝင်အချို့ကော ပြည်သူရဲ့ ယုံကြည် ထောက်ခံမှုဆိုတာ အခုလို ဖောက်ပြန်မှုစရိုက်တွေနဲ့ လုံးဝ မထိုက်တန်ဘူး**လို့ ပြောချင်တယ် ခင်ဗျာ။

ဘာလို့လဲဆိုတော့ အခုပဲကြည့်ဗျာ၊ **လူထုဆန္ဒပြလွှာ လက်မှတ် ရေးထိုးတဲ့ အလုပ်ဆိုပြီး မဟုတ်မမှန်လုပ်ကြံ လက်မှတ်ရေးထိုးကြရာမှာ လောကီအလုပ်ကိုစက်ဆုပ်ပြီး တရားအားထုတ်နေကြတဲ့ ဗုဒ္ဓရဲ့သားတော် များဖြစ်ကြတဲ့ ရဟန်းသံဃာတော်များကိုလဲ ပါဝင်လက်မှတ်ရေးထိုး ပါတယ်ဆိုပြီး လိမ်လည်ဝါဒဖြန့်လို့ သက်ဆိုင်ရာ ရဟန်းသံဃာတော် များမှာလဲ ကိုယ့်အလုပ်မဟုတ်တဲ့ နိုင်ငံရေးသပွတ်အူ ဇာတ်ရှုပ်မှာဝင်ပြီး ရှင်းရလင်းရ**သဗျာ။

အဲသဟာအပြင် ၂၀၀၆ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့ကလဲ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဓမ္မပါလကျောင်းတိုက်ရှေ့မှာ ၈၈မျိုးဆက် ကျောင်းသားအုပ်စုဝင်အုပ်စုရဲ့ ခေါင်းဆောင်များ လွတ်မြောက်ရေးအတွက် မေတ္တာသုတ်ရွတ်ဖတ်ပေးဖို့ လှုံ့ဆော်စာတစ်စောင် လာရောက်ကပ်ထားလို့ မန္တလေးမြို့ မြတောင်တိုက် မစိုးရိမ်တိုက်ဟောင်းနဲ့ မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်ရှိ ရဟန်းသံဃာတော်များအနေနဲ့ ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဒ သာသနာသုံးရပ်ကို မြင့်မြတ်စင်ကြယ်စွာ လေ့လာအားထုတ် ကျင့်ကြံနေတာကို ၈၈မျိုးဆက်ကျောင်းသားအုပ်စုဝင် တွေက နိုင်ငံရေး ဇာတ်ရှုပ်ထဲ ဆွဲသွင်းနေတာနဲ့ ပတ်သက်ပြီး စိတ်အနှောင့်အယှက်တွေ ဖြစ်ကြရတယ်ဆိုတာကိုလဲ ပေါက်စတို့ ကြားနေသိနေရတယ်ဗျာ။

ဘယ့်နှယ်ဗျာ၊ **လောကီနဲ့ဝေးစေဖို့ လောကုတ္တရာ အလုပ်ကို အားထုတ်ကြိုးပမ်းနေတဲ့ ရဟန်းသံဃာ အရှင်သူမြတ်တွေရဲ့ သာသနာပြု လုပ်ငန်းတွေကိုတောင် အဖျက်အမှောင့် အနှောင့်အယှက်ဖြစ်စေတဲ့ သာသနာဖျက်မဓမ္မတ္တရာယ်အလုပ်မျိုးနဲ့ ၈၈ မျိုးဆက်ကျောင်းသားအုပ်စုဝင် တွေဟာ ငရဲမကြောက် အပါယ်မစိုးရိမ်တဲ့အထိ မိုက်မိုက်မဲမဲ ကျူးလွန် နေ**ကြပါကလားလို့ ပေါက်စ ကြားကနေ အခမဲ့သနားမိသဗျ။

အဲသလိုပဲ ဗုဒ္ဓဘုရားရှင်ရဲ့ သာသနာ့မြေဖြစ်တဲ့ ရွှေတိဂုံကုန်းတော် ပေါ်ကို ဂေါပကအဖွဲ့ရဲ့ ခွင့်ပြုချက်မရဘဲ ကျူးကျော်ဝင်ရောက်ပြီး ဝတ်ပြုဆုတောင်းပွဲအမည်ခံ နိုင်ငံရေးစတန့်ကို ၈၈ မျိုးဆက်ကျောင်းသား အုပ်စုဝင်များနဲ့ NLD ပါတီဝင်များအပါအဝင် ဝါရင့်နိုင်ငံရေးသမားများက လုပ်ခဲ့ ကိုင်ခဲ့တဲ့အတွက် အများပြည်သူရဟန်းရှင်လူများ အေးချမ်းစွာ ဘုရားဝတ်ပြုနေတာကို နှောင့်ယှက်မှု၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးကို ပျက်ပြားအောင် လှုံ့ဆော်မှုတို့နဲ့အတူ ရွှေတိဂုံဘုရားဂေါပကအဖွဲ့က ထုတ်ပြန်ထားတဲ့ တရားပွဲနဲ့အခမ်းအနားဆိုင်ရာ စည်းကမ်း၊ ဂေါပက အဖွဲ့စည်းမျဉ်း အပိုဒ် ၇၇(ဏ)၊ အပိုဒ်ခွဲ (၁၀)ပါ **အခမ်းအနားပြုလုပ်လိုသူ များက မိမိတို့ပြုလုပ်လိုတဲ့ အခမ်းအနားအစီအစဉ်နဲ့ ရည်ရွယ်ချက်၊ ကြီးကြပ်ဆောင်ရွက်မယ့်ပုဂ္ဂိုလ်များနဲ့ ဟောပြောမယ့်ပုဂ္ဂိုလ်တို့ရဲ့ အမည် စာရင်းကို ကြိုတင်တင်ပြရမယ်** ဆိုတဲ့အချက်ကို ဖောက်ဖျက်ကျူးလွန် မှုတို့နှင့် ပတ်သက်ပြီး ဒဂုံမြို့နယ် ရဲတပ်ဖွဲ့စခန်းကို ရွှေတိဂုံဘုရား ဂေါပကအဖွဲ့က တိုင်ကြားထားတဲ့အကြောင်း သိရသဗျာ။

အဲသလို အပေါက်အချိုးမျိုးကို ၈၈ မျိုးဆက်ကျောင်းသားအုပ်စုဝင် တွေက လုပ်ရိုးလုပ်စဉ် ခေါက်ရိုးကျိုးလုပ်နေကျပဲဖြစ်သဗျ။ လူစည်ကားတဲ့ ဘုရား ကျောင်းကန်ဇရပ်တွေ၊ လူအများသွားလာနေတဲ့ လမ်းတွေမှာ သူတို့ကို မျောက်ပွဲကြည့်သလို ဝိုင်းကြည့်နေရင်လဲ သူတို့ကို ထောက်ခံ တယ်ပေါ့ဗျာ။ လုပ်ငန်းသဘာဝအရ၊ နေရာဒေသအရ အမြဲတစေ လူအများနဲ့

**လူထုဆန္ဒပြလွှာ လက်မှတ်ရေးထိုးတဲ့ အလုပ်ဆိုပြီး မဟုတ်မမှန် လုပ်ကြံ လက်မှတ်ရေးထိုးကြရာမှာ လောကီအလုပ်ကို စက်ဆုပ်ပြီး တရားအားထုတ်နေကြတဲ့ ဗုဒ္ဓရဲ့သားတော်များဖြစ်ကြတဲ့ ရဟန်း သံဃာတော်များကိုလဲ ပါဝင်လက်မှတ် ရေးထိုးပါတယ်ဆိုပြီး လိမ်လည် ဝါဒဖြန့်လို့ သက်ဆိုင်ရာ ရဟန်းသံဃာတော်များမှာလဲ ကိုယ့်အလုပ် မဟုတ်တဲ့ နိုင်ငံရေးသပွတ်အူ ဇာတ်ရှုပ်မှာဝင်ပြီး ရှင်းရလင်းရ။**

**လောကီနဲ့ဝေးစေဖို့ လောကုတ္တရာ အလုပ်ကို အားထုတ်ကြိုးပမ်း နေတဲ့ ရဟန်းသံဃာ အရှင်သူမြတ်တွေရဲ့ သာသနာပြုလုပ်ငန်းတွေကို တောင် အဖျက်အမှောင့် အနှောင့်အယှက်ဖြစ်စေတဲ့ သာသနာဖျက် မဓမ္မတ္တရာယ်အလုပ်မျိုးနဲ့ ၈၈ မျိုးဆက်ကျောင်းသား အုပ်စုဝင်တွေဟာ ငရဲမကြောက် အပါယ်မစိုးရိမ်တဲ့အထိ မိုက်မိုက်မဲမဲ ကျူးလွန်နေ။**

စည်ကားတဲ့ နေရာဒေသတွေမှာ ရုတ်ရုတ် ရုတ်ရုတ်နဲ့ နိုင်ငံရေး စတန့်လုပ်ပြတာမျိုးဟာ နိုင်ငံတကာ သူလျှိုအဖွဲ့အစည်းက ဂျင်းရှပ်ရဲ့ နိုင်ငံရေး အန်တုနည်း သင်ခန်းစာပို့ချချက် ဖြစ်သလို NLD ပါတီက ကျင့်သုံးခဲ့တဲ့ လက်တွေ့ လေ့ကျင့်ခန်းတွေလဲ ဖြစ်သဗျ။

ပြောမယ်ဆိုရင်ပေါ့ဗျာ၊ လူထုဆန္ဒပြလွှာလက်မှတ်ထိုး ထောက်ခံတယ်ဆိုတဲ့ နိုင်ငံရေးအကြံအဖန် အလုပ်ကလဲ စက္ကူအဖြူပေါ် ဘာအကြောင်းအရာမှ ရေးမထားဘဲ လက်မှတ်ထိုးခိုင်းတယ်ဆိုကတည်းက မရိုးမသားလုပ်နေတယ်ဆိုတာ ထင်ထင်ရှားရှားကြီးပါ။ နိုင်ငံရေးအရ ဘယ်လိုမျှ သိက္ခာမရှိတဲ့ ဖိုးတွမ်တီး အလုပ်မျိုးကို မရှက်မကြောက် လုပ်နေကြတာကိုပဲ သူတို့ကိုယ်သူတို့ နိုင်ငံချစ်တဲ့၊ ပြည်သူချစ်တဲ့ သူတွေပါဆိုပြီး အသံကုန်ဟစ်နေတာကလဲ ပေါက်စတော့ ရယ်ရသဗျာ။

အဲသဟာအပြင် စက္ကူအဖြူစာရွက်လွတ်ပေါ်မှာပဲ တမလွန်ရောက်နေတဲ့ သူတွေရဲ့ အမည်စာရင်းနဲ့ လက်မှတ်အတုတွေထိုးသဗျာ။ မူးကြောင်၊ ရူးကြောင် လူတွေကိုလဲ အတင်းလက်မှတ်ထိုးခိုင်းသဗျာ။ တပည့်သားမြေးတွေကိုလဲ ဩဇာအာဏာသုံးပြီး လက်မှတ်ထိုးခိုင်းသဗျာ။ ကာယကံရှင် ပုဂ္ဂိုလ်မသိဘဲ လက်မှတ်အတုလဲ ထိုးကြသဗျာ။ ဘယ့်ကလောက် မလိမ့်တစ်ပတ်လုပ်ပြသလဲဆိုရင် လက်မှတ်ထိုးသူအနေနဲ့ ပုဂ္ဂိုလ်အမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာအပြည့်အစုံ ဖော်ပြရတာဖြစ်ပေမယ့် အခု ၈၈ မျိုးဆက် ကျောင်းသားအုပ်စုဝင်များနဲ့ NLD ပါတီတို့ ခေါင်းဆောင်ပြီး စည်းရုံးကောက်ခံတဲ့ လူထုဆန္ဒပြလွှာ လက်မှတ်ထိုးတဲ့ ကိစ္စဝိစ္စကြီးမှာတော့ ပုဂ္ဂိုလ်အမည်တွေ၊ အလုပ်အကိုင်တွေ၊ နေရပ်လိပ်စာတွေ ဖော်ပြစရာ မလိုဘဲ လက်မှတ်ထိုးရုံပဲထိုးရင် ဖြစ်သတဲ့ခင်ဗျာ။

စဉ်းစားကြည့်ပေါ့ဗျာ၊ စက္ကူအဖြူစာရွက်လွတ်ပေါ်မှာ လက်မှတ်ပဲ ထိုးရင်ဖြစ်တယ်ဆိုတဲ့ ထောက်ခံဆန္ဒ လက်မှတ်ထိုးတဲ့ အလုပ်ဟာ ဘယ့်ကလောက် ယုံကြည်ဖို့သိက္ခာရှိလိုက်မလဲခင်ဗျာ။ လက်မှတ်ထိုးရုံပဲ ဆိုတော့ ဘယ်သူမထိုးထိုး တို့ကိုယ်တိုင်ပဲ ထိုးရင်ကိစ္စပြီးတာပေါ့ဆိုတဲ့ ကလိမ်ကကျစ်ဉာဏ်နဲ့ ဖန်တီးစီရင် လုပ်ကြံတဲ့ လုပ်ပွဲပဲဖြစ်တယ်လို့ပဲ ပေါက်စရဲ့ဦးနှောက်ပိစိကွေးထဲမှာ တရေးရေးပေါ်လာတယ်ခင်ဗျာ။

သို့ကလိုသော မရိုးမသားလုပ်ပေါက်၊ ကိုင်ပေါက်တွေနဲ့ပတ်သက်ပြီး ပေါက်စ ထောက်ပြရရင် ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် လူထုကို ရပ်ရှင်သရုပ်ဆောင်တွေလဲ လက်မှတ်ထိုးတာ ခင်ဗျားတို့လဲ ထိုးကြပါဆိုပြီး ရုပ်ရှင်သရုပ်ဆောင်၊ အနုပညာရှင်တွေကို ခုတုံးလုပ် လက်မှတ်ထိုးခိုင်းပေမယ့် စောဖေက နောကြေနေတဲ့ ရွှေပြည်သာပြည်သူလူထုက လက်မှတ်မထိုးကြဘူးတဲ့ခင်ဗျာ။

ထိုနည်းတူစွာပေါ့ခင်ဗျာ၊ ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် လူထုကလဲ ၈၈မျိုးဆက်ကျောင်းသား အုပ်စုဝင်တွေနဲ့ NLD လက်ကျန်တွေရဲ့ အကြံအဖန်ဖြစ်တဲ့ လူထုဆန္ဒပြလွှာ လက်မှတ်ထိုးတဲ့အလုပ်ကို မလုပ်ကြတဲ့အတွက် အရှက်ပြေသဘောနဲ့ လက်မှတ်တုထိုးပြီး NLD ပါတီဌာနချုပ်ကို အချိန်မီပို့နိုင်အောင် ကလိမ်ကကျစ်အလုပ်တွေ လုပ်နေကြတာကို သိနေကြတော့ ဘိုကလေးမြို့နယ် လူထုအနေနဲ့ သူတို့မသိဘဲ သူတို့ရဲ့ လက်မှတ်အတုတွေ ထိုးလိုက်မှာကို စိုးရိမ်တကြီးနဲ့ သောကဖိစီးနေကြသတဲ့ခင်ဗျာ။

အဲသဟာအပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်မှာလဲ အရက်မူးနေတဲ့ ကိုသက်(ခေါ်) သားအိုကို အတင်းအကျပ် လက်မှတ်ထိုးခိုင်းတဲ့အပြင် စိတ်ဝေဒနာရှင်အမျိုးသမီး မဝင်းရွှေရဲ့ အမည်စာရင်းနဲ့ လက်မှတ်အတုထိုးတာကို ညောင်ရွှေမြို့နယ် လူထုအနေနဲ့ တအံ့တဩဖြစ်ပြီး မုန်းတီးရွံရှာနေကြသတဲ့ခင်ဗျာ။

အခုလိုတွေ ပြည်တွင်းမှာ မဟုတ်မမှန် လုပ်ကြံဖန်တီးတဲ့ လက်မှတ် အတုတွေ၊ လက်မှတ်အလိမ်တွေထိုးပြီး မလိမ့်တပတ် နှစ်ပေါက်တစ်ပေါက် အလုပ်တွေ လုပ်နေသလို၊ အိမ်နီးချင်းနိုင်ငံ မဲဆောက်မြို့မှာလဲ ပြည်ပြေး၊ ဝရမ်းပြေးအုပ်စုဝင် ရောင်ခြည်ဦးအဖွဲ့ကလဲ ပြည်ပမှာ တရားမဝင် သွားရောက် အလုပ်လုပ်ကိုင်နေကြတဲ့ ပြည်ပရောက် အလုပ်သမားတွေကို လူထု ဆန္ဒပြလွှာ လက်မှတ်ထိုးပေးရင် အိမ်နီးချင်းနိုင်ငံ ရဲများရဲ့အန္တရာယ်က အကာအကွယ်ပေးပြီး အလုပ်အကိုင်ရရှိအောင် ကူညီမယ်ဆိုပြီး မက်လုံးပေးစည်းရုံးနေကြတဲ့အတွက် အလုပ်သမားများအနေနဲ့ လက်မှတ်ရေးထိုးရတဲ့အကြောင်းရင်းကို ဘာကမျှမသိဘဲ လက်မှတ်ရေးထိုးပေးနေတာ မျိုးလဲ ရှိနေသတဲ့ခင်ဗျာ။

ကဲ–ပေါက်စလဲ ရှည်လျား ပေများစွာနဲ့ ရှင်းရလင်းရတာတွေကို စကားဖြတ်ပြီး အနားသတ်ပါတော့ မယ်ခင်ဗျာ။ ပေါက်စ ရှင်းခဲ့လင်းခဲ့တဲ့ ဖြစ်စဉ်အလုံးစုံဟာ မယုံချင်စရာ ပုံပြင်ပမာ ဒဏ္ဍာရီလဲ မဟုတ်ပါ ခင်ဗျာ။ ပြောမယုံ ကြုံဖူးမှ သိဆိုသလို မြန်မာပြည်သူ ခုနစ်ရက်သား သမီးအားလုံး လက်တွေ့၊ မျက်တွေ့ မြင်နေ၊ ခံစားနေရတဲ့ ၈၈ မျိုးဆက်ကျောင်းသားအုပ်စုဝင်များနဲ့ NLD ပါတီဝင်များ၊ ဝါရင့်နိုင်ငံရေးသမား များက နိုင်ငံရေးစတန့်လုပ်နေတဲ့ သပွတ်အူဇာတ်ရှုပ်ကို သတင်းထုတ်ပြန်ရေး ကော်မတီက (၇/၂၀၀၆) သတင်းစာရှင်းလင်းပွဲနဲ့ အထုပ်ဖြေပြခဲ့ပြီး ဖြစ်ပါတယ်။ ပေါက်စက ထပ်ဆင့်ပြီး NLD ပါတီဝင်တွေ၊ ၈၈မျိုးဆက်ကျောင်းသားအုပ်စုဝင်တွေနဲ့ ဝါရင့်နိုင်ငံရေးသမားတွေရဲ့ လုပ်ရပ်ဟာ **“တစ်လိမ် နှစ်လိမ် ပွေလိမ်ရှုပ်နေသော ပါတီ နိုင်ငံရေးစတန့်”**များသာဖြစ်ကြောင်း စလောင်းမတပ်ဘဲ မောင်းခတ်ကြေညာ လိုက်ပါတယ်ခင်ဗျား။ ။

# မြန်မာ့လက်ရွေးစင်ရွက်လှေအားကစားအဖွဲ့ ဒိုဟာသို့ ကြိုတင်ထွက်ခွာ အာရှအားကစားပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေး အစွမ်းကုန်ပြိုင်မည်

**သတင်းဆောင်းပါး–ကိုထွေး**

ရန်ကုန် နိုဝင်ဘာ ၁၈

**ကာတာနိုင်ငံ ဒိုဟာမြို့၌ ဒီဇင်ဘာ ၁ ရက်မှ ၁၅ ရက်အထိကျင်းပမည့် (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ရွက်လှေအားကစားအဖွဲ့သည် နိုဝင်ဘာ ၁၅ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ဒိုဟာမြို့သို့ ကြိုတင်ထွက်ခွာသွားကြသည်။**

### လိုက်ပါဆောင်ရွက်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမိုးမြင့် ခေါင်းဆောင်သည့် မြန်မာ့လက်ရွေးစင် ရွက်လှေ အားကစားအဖွဲ့တွင် အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမား စုစုပေါင်း ၁၇ ဦး လိုက်ပါသွားသည်။ မြန်မာ့လက်ရွေးစင် ရွက်လှေအဖွဲ့၏ အသင်းခေါင်းဆောင်အဖြစ် ဦးသန်းစိန်(အဖွဲ့ချုပ်၊ နည်းပြချုပ်)၊ ဆေးမှူးအဖြစ် ဒေါက်တာမျိုးမြင့်မြတ်၊ အထောက်အကူပြုအဖွဲ့ဝင်အဖြစ် ဦးဇော်ဝမ်းတို့က လိုက်ပါဆောင်ရွက်ကြသည်။

အားကစားသမားများအဖြစ် Int'l 470 (Men) Class တွင် မောင်အောင်မြင်သူနှင့် မောင်စိုင်းပြည့်စုံဟိန်း အတွဲ၊ Int'l 470 (Women) Class တွင် မချစ်စုနှင့် မနွဲ့နွဲ့စမ်းအတွဲ၊ Int'l 420 (Boys) Class တွင် မောင်နေလကျော်နှင့် မောင်မင်းမင်းအတွဲ၊ Int'l 420 (Girls) Class တွင် မစုစန္ဒာဝေနှင့် မဇင်ဇေပြီအောင်အတွဲတို့ ပါဝင်ကြသည်။

### နည်းပြများ

မြန်မာ့လက်ရွေးစင် ရွက်လှေအားကစားအဖွဲ့တွင် နည်းပြများအဖြစ် Joe Glanfield (Head Coach)၊ Bevis Field (Int'l 470 Coach) နှင့် Callum Mac Donald Int'l 420 Coach တို့က ဆောင်ရွက်ကြမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ရွက်လှေအားကစားသမားများနှင့် ပူးတွဲလေ့ကျင့်ရန် Pacing Partner များအဖြစ် အင်္ဂလန်နိုင်ငံမှ ကမ္ဘာ့အဆင့် ရွက်လှေ အားကစားသမားများဖြစ်ကြသော Nick Rogers၊ Daniel Schieber နှင့် Richard Mason တို့ကို ငှားရမ်းထားသည်။ နည်းပြချုပ်ဖြစ်သည့် အင်္ဂလန်နိုင်ငံမှ Joe Glanfield နှင့် Nick Rogers တို့အတွဲသည် အေသင်အိုလံပစ်၌ ငွေတံဆိပ် ရရှိခဲ့ကြသူများဖြစ်သည်

### ထွက်ခွာကြမည်

မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်မှ ဦးမင်းဇော်၊ ဦးအောင်မင်း၊ ဦးဇော်လင်းထွန်း၊ ဦးကောင်းမြတ်ထွဋ်နှင့် ဦးစိုးမိုးအောင်တို့သည် Race Management Team Members များအဖြစ် ဆောင်ရွက်ရန် နိုဝင်ဘာ ၃၀ ရက်၌လည်းကောင်း၊ ရန်ကုန်ရွက်လှေအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဥမ္မာကျော်သည် ဒိုင်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ရန် ဒီဇင်ဘာ ၃ ရက်တွင်လည်းကောင်း ကာတာနိုင်ငံသို့ ထွက်ခွာကြမည်ဖြစ်သည်။



မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမိုးမြင့်ခေါင်းဆောင်သော (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ရွက်လှေအားကစားအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မထွက်ခွာမီ ဤသို့တွေ့ရသည်။ (ရွက်လှေအဖွဲ့ချုပ်)

မြန်မာ့လက်ရွေးစင်ရွက်လှေ အားကစားသမားများသည် ဒီဇင်ဘာ ၅ ရက်၊ ၆ ရက်၊ ၇ ရက်၊ ၈ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဒိုဟာ ပင်လယ်ပြင်၌ ရွက်လှေပြိုင်ပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

### လက်ရည်တူယှဉ်ပြိုင်

(၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကျင်းပမည့် ကာတာနိုင်ငံ ဒိုဟာမြို့၌ ၂၀၀၆ ခုနှစ် မတ် ၁၆ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် အာရှရွက်လှေပြိုင်ပွဲ (12th Asian Sailing Championship)၌ မြန်မာနိုင်ငံမှ မောင်အောင်မြင်သူနှင့် မောင်စိုင်းပြည့်စုံဟိန်းတို့အတွဲ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ အိမ်ရှင်နိုင်ငံ၏ ရာသီဥတုနှင့် ရေမြေလေသဘာဝ အနေအထားတို့ကို ကြိုတင်လေ့လာနိုင်ရန်နှင့် ပြိုင်ပွဲအတွေ့အကြုံရရှိရန် ရည်ရွယ်၍ စေလွှတ်ယှဉ်ပြိုင်စေခဲ့ခြင်းဖြစ်သည်။

### လျင်မြန်စွာတိုးတက်

ထို့အတူ အင်္ဂလန်နိုင်ငံ၌ ၂၀၀၆ ခုနှစ် ဇူလိုင် ၁၂ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့သည့် Volvo Youth Sailing ISAF Championship သို့ မြန်မာနိုင်ငံမှ မစုစန္ဒာဝေနှင့် မဇင်ဇေပြီအောင်အတွဲနှင့် မောင်နေလကျော်နှင့် မောင်မင်းမင်းတို့အတွဲကို စေလွှတ်ယှဉ်ပြိုင်ခဲ့ရာ လက်ရည်များ အထူးတိုးတက်ကောင်းမွန်လာခဲ့သည်။ အထူးသဖြင့် Int'l 420 (Girls) Class မှ မစုစန္ဒာဝေနှင့် မဇင်ဇေပြီအောင်တို့ အတွဲသည် အချိန်တိုအတွင်း လျင်မြန်စွာ တိုးတက်လာခဲ့သည်။

### အတွေ့အကြုံကောင်း

တရုတ်နိုင်ငံ ချင်ဒေါင်းမြို့၌ ဩဂုတ်၁၈ ရက်မှ ၃၁ ရက်အထိ ကျင်းပခဲ့သည့် Pre-Olympic Test Regatta ပြိုင်ပွဲနှင့် တရုတ်နိုင်ငံ ရီဇောင်းမြို့၌ စက်တင်ဘာ ၃ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည့် Int'l 470 Class World Championship ပြိုင်ပွဲများသို့ မောင်အောင်မြင်သူနှင့် မောင်စိုင်းပြည့်စုံဟိန်းအတွဲနှင့် မချစ်စုနှင့် မနွဲ့နွဲ့စမ်းတို့အတွဲကို စေလွှတ်ယှဉ်ပြိုင်ခဲ့ရာ အတွေ့အကြုံကောင်းများ ရရှိခဲ့ကြသည်။

(၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ရွက်လှေအားကစားသမားများသည် ပြိုင်ပွဲအကြိုနိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြင့် လက်ရည်များ တိုးတက်ကောင်းမွန်လျက်ရှိသည်။ ယခုအခါ ကမ္ဘာ့အဆင့် ရွက်လှေနည်းပြများနှင့် ပူးတွဲ၍ ပြိုင်ပွဲကျင်းပမည့် ဒိုဟာ ပင်လယ်ပြင်၌ ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြရာ အောင်မြင်မှုရရှိရေးအတွက် အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

## Sky Lion Trading Co.,Ltd. ဖွင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၈**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆူးလေဘုရားလမ်း အမှတ် ၃၃၉ ရှိ Sakura Tower ၌ Sky Lion Trading Co., Ltd. ဖွင့်ပွဲအခမ်းအနားကို မင်္ဂလာအချိန် ယနေ့မွန်းလွဲ ၁၂ နာရီ ၁၁ မိနစ် တွင် အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပရာ တာဝန်ရှိပုဂ္ဂိုလ်များက Sky Lion Trading Co.,Ltd. ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ခန်းမအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

### တက်ရောက်

အဆိုပါ Sky Lion Trading Co., Ltd. ဖွင့်ပွဲအခမ်းအနားသို့ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ Sky Lion Trading Co.,Ltd. ဥက္ကဋ္ဌ ဦးစိုင်းမောင်မောင်မြင့်၊ Tianshi Group ၏ ဥက္ကဋ္ဌ မစ္စတာ လီကျင်းဟွမ်၊ အာရှ–ပစိဖိတ်ဒေသဆိုင်ရာ ဥက္ကဋ္ဌ မစ္စတာ ဘိုင်ဖုန်း၊ Tianshi Group ၏ မြန်မာနိုင်ငံဆိုင်ရာ အထွေထွေမန်နေဂျာ မစ္စတာ လီထရယ်ကန်း၊ ဗီယက်နမ်ဒေသဆိုင်ရာ မန်နေဂျာ မစ္စတာယီကုန်၊ Tianshi Group မှ ဒါရိုက်တာ မစ္စတာ ပီတာကောင်းနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### အခမ်းအနားဖွင့်လှစ်

ညနေပိုင်းတွင် Sky Lion Trading Co., Ltd. ၏ မိသားစုတွေ့ဆုံပွဲ အခမ်းအနားကို သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ (၁)၌ကျင်းပရာ Tianshi Group ၏ မြန်မာနိုင်ငံရုံးခွဲ တာဝန်ခံ General Manager, Mr. Li Tie Gang က ကိုယ်စားလှယ်များအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။

ထို့နောက် အာရှ–ပစိဖိတ်ဒေသဆိုင်ရာ ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး Tianshi Group ၏ ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအကနှင့် တေးသံရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြပြီး အခမ်းအနားအစီအစဉ်များကို ကျင်းပသည်။ **(သတင်းစဉ်)**

## အင်အားအသင့်အတင့်ရှိ မြေငလျင် တစ်ခုလှုပ်

**နေပြည်တော် နိုဝင်ဘာ ၁၈**

ယနေ့ မြန်မာစံတော်ချိန် ၂၀ နာရီ ၂၈ မိနစ် ၁၅ စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ တောင်ဘက် မိုင် ၈၅၀ ခန့်ကွာဝေးသော နေရာ (မြန်မာနိုင်ငံပြင်ပ)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ဒသမ၈ အဆင့်ရှိ အင်အား အသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း သက်ဆိုင်ရာမှ တိုင်းထွာရရှိသည်။ **(သတင်းစဉ်)**

## မသန်စွမ်းသူများ ကူညီစောင့်ရှောက်ရေး ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၈**

ပုဂံစူပါမတ်ကက်က ဦးစီးပြီး ဝေဝေစတူဒီယိုက ကူညီပံ့ပိုး၍ မသန်စွမ်းသူများဘဝ တိုးတက်မြှင့်တင်ရေးနှင့် ကူညီစောင့်ရှောက်ရေးဖောင်ဒေးရှင်း ရန်ပုံငွေအတွက် တေးဂီတဖျော်ဖြေပွဲနှင့် ဖက်ရှင်ရှိုးပြပွဲကို နိုဝင်ဘာ ၁၇ ရက် ည ၇ နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ မသန်စွမ်းသူများဘဝ တိုးတက်မြှင့်တင်ရေးနှင့် ကူညီစောင့်ရှောက်ရေးဖောင်ဒေးရှင်း ယာယီဥက္ကဋ္ဌ ပုဂံစူပါမတ်ကက် မန်နေဂျင်းဒါရိုက်တာ ဒေါ်အေးမြတ်နွယ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး တက်ရောက်လာသူများကို အကျွေးအမွေး၊ တေးဂီတတို့ဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။ အဆိုပါ ဖောင်ဒေးရှင်းသို့ အသင်းဝင်လိုသူများ၊ လှူဒါန်းလိုသူများသည် ဖုန်း–၅၄၅၀၆၆ ပုဂံစူပါမတ်ကက်သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

## ရွှန်နေ၏ နှစ်ဂိုးဖြင့် မန်ယူနိုင်ပွဲဆက် မန်ယူနှင့် ချယ်လ်ဆီး ပွဲစဉ်(၁၄)၌ ထိပ်တိုက်တွေ့မည်

**သတင်းမြင်ကွင်း – မြင့်စိုး**

**လန်ဒန် နိုဝင်ဘာ ၁၈**

ပရီမီယာလိဂ်ပွဲစဉ်(၁၃) ပြိုင်ပွဲများကို နိုဝင်ဘာ ၁၈ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ပြိုင်ဘက်အသင်းများဖြစ်ကြသည့် မန်ယူနှင့် ချယ်လ်ဆီးတို့သည် ယင်းတို့၏ ပြိုင်ဘက်အသင်းများအပေါ် အနိုင်ကစားပြီး ရမှတ်သုံးမှတ်စီ ထပ်မံယူခဲ့ကြသည်။

### ရှက်ဖီး–မန်ယူ

ရှက်ဖီးအသင်းသည် အိမ်ကွင်း၌ မန်ယူ၏ အောင်ပွဲဆက်နေမှုများကို ရပ်တံ့ရန်ကြိုးစားခဲ့ရာ ပွဲစစချင်း မန်ယူနောက်တန်းလျော့ရဲနေချိန် ပွဲချိန် ၁၃ မိနစ်တွင် ရှက်ဖီးမှ ဂါယာရီက ဝဲတောင်ပံမှ ခုတ်တင်ပေးလိုက်ရာ ဂဲလက်စပီးက ခေါင်းဖြင့်ပြေးဝင်တိုက်သွင်းယူလိုက်၍ မန်ယူဂိုးသမား ဗန်ဒါဆာ မဖမ်းလိုက်နိုင်ဘဲ ဂိုးပေးလိုက်ရသည်။

ယင်းဂိုးဖြင့် ရှက်ဖီးတို့ မန်ယူကို အနိုင်ပိုင်းရန် ခံစစ်ဖြင့် ပိတ်ဆို့ထားခဲ့သည်။ သို့သော်လည်း မန်ယူတို့ ချေပဂိုးသွင်းနိုင်ရေးအတွက် ရှက်ဖီးနောက်တန်းကို အကြိမ်ကြိမ် ထိုးဖောက်ခဲ့သည်။ သို့သော်လည်း မန်ယူတို့ ဂိုးကံခေနေ၍ ဂိုးပေါက်နှင့် ပွတ်ကာသီကာ လွဲချော်နေသည်။

ပွဲချိန် မိနစ် ၃၀ တွင် ဂယ်ရီနဗီးလ်က ညာတောင်ပံမှ ခုတ်တင်ပေးလိုက်ရာ မန်ယူ တိုက်စစ်မှူးရွှန်နေ လျှပ်တစ်ပြက် ဖြတ်တားပြီး အပိုင်ကန်သွင်းယူလိုက်သည်။

ဒုတိယပိုင်း ပြန်စချိန်တွင် ရှက်ဖီးတို့ ပြန်ဖိလာပြန်သည်။ သို့သော်လည်း ခြေစွမ်းရှိသော မန်ယူတို့ ရှက်ဖီးဂိုးပေါက်ဆီသို့ အကြိမ်ကြိမ် ပြန်ပို့လာပြန်သည်။ ရှက်ဖီး ဂိုးဧရိယာအတွင်း မန်ယူကစားသမားများ၏ အကွက်ဆင် ဂိုးဖန်တီးမှုနှင့် ရှက်ဖီး ကစားသမားများ ခုခံကာကွယ်မှုမြင်ကွင်းမှာ ရှုပ်ထွေးနေသည်။

ထိုအချိန်တွင် ဝဲတောင်ပံမှ အီဗရာက အမြောက်ကန်ပေးလိုက်ရာ တိုက်စစ်မှူးရွှန်နေက မနားတမ်း ကန်သွင်းလိုက်၍ မန်ယူတို့ ဒုတိယမြောက်ဂိုး ရခဲ့သည်။

မန်ယူတို့ ရွှန်နေ၏နှစ်ဂိုးဖြင့် ရမှတ်သုံးမှတ်ရယူကာ ပြိုင်ဘက် ချယ်လ်ဆီးအပေါ် လွှမ်းမိုးထားနိုင်ခဲ့သည်။

မန်ချက်စတာ ယူနိုက်တက်အသင်းသည် ယခုနှစ် ပရီမီယာလိဂ်တွင် ၁၃ ပွဲကစား ၁၁ ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးပြီး စုစုပေါင်း ရမှတ် ၃၄ မှတ်ဖြင့် အမှတ်ပေးဇယား၌ ဆက်လက်ဦးဆောင်လျက်ရှိသည်။

### ချယ်လ်ဆီး–ဝက်စ်ဟမ်း

ချန်ပီယံ ချယ်လ်ဆီးအသင်းသည် အိမ်ကွင်း၌ ဝက်စ်ဟမ်းကို တစ်ဂိုးသာ သွင်းနိုင်ပြီး အနိုင်ရခဲ့သည်။

စတမ်းဖို့ဒ်ဘရစ်၌ ချယ်လ်ဆီးတို့ ဂိုးများများ မသွင်းနိုင်ခဲ့၍ ထိပ်ဆုံးရောက် မန်ယူနှင့် ဂိုးကွာခြားချက် ကွာဟသွားပြန်သည်။

**အနိုင်ဂိုး သွင်းသူ ရွှန်နေ**




**မန်ယူအတွက် အနိုင်ဂိုးများ သွင်းပြီး အောင်ပွဲခံနေသော တိုက်စစ်မှူး ရွှန်နေ။**

(ဓာတ်ပုံ–အင်တာနက်)

ချယ်လ်ဆီးအသင်း၏ တစ်လုံးတည်းသောအနိုင်ဂိုးကို ဂျယ်ရီမီက ပွဲချိန် ၂၂ မိနစ်တွင် သွင်းယူခဲ့သည်။ ယင်းအောင်ပွဲသည် ချယ်လ်ဆီးတို့၏ အိမ်ကွင်း၌ ၅၁ ပွဲမြောက် ရှုံးပွဲမရှိ အောင်ပွဲဖြစ်သည်။

ချယ်လ်ဆီးတို့ ဒုတိယပိုင်းတွင် ထပ်ဆင့်ဂိုးများသွင်းယူရန် ကြိုးစားသော်လည်း ဝက်စ်ဟမ်းက ဘောလုံးပိုင်ဆိုင်မှုများလာသဖြင့် ခြိမ်းခြောက်မှုနှင့် ကြုံရပြန်သည်။ ပွဲအပြီးတွင် မော်ရင်ဟို၏ ချယ်လ်ဆီး တစ်ဂိုးဖြင့်သာ ကျေနပ်လိုက်ရသည်။ ချယ်လ်ဆီးသည် ယခုနှစ်ရာသီတွင် ၁၃ ပွဲကစား ၁၀ ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် စုစုပေါင်းရမှတ် ၃၁ မှတ် ရရှိကာ မန်ယူနောက်မှ သုံးမှတ်ခွာ၍ လိုက်နေရဆဲဖြစ်သည်။

မန်ယူနှင့် ချယ်လ်ဆီးတို့သည် ယခုနှစ် ပရီမီယာလိဂ်တွင် ပြိုင်ဆိုင်မှုအရှိန်ကောင်းလာပြီး လာမည့်သီတင်းပတ် နိုဝင်ဘာ ၂၆ ရက်တွင် မန်ယူကွင်း အိုးထရက်ဖို့ဒ်၌ ထိပ်တိုက် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

### အခြားပွဲရလဒ်များ

| | | |
|---|---|---|
| **မန်စီးတီး** | **၃–၁** | **ဖူလ်ဟမ်** |
| **ရက်ဒင်း** | **၂–၀** | **ချာလ်တန်** |
| **အာဆင်နယ်** | **၁–၁** | **နယူးကာဆယ်။** |

(အင်တာနက်)

# လမ်းပိုင်းအလိုက်လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းမီပြုပြင် ရာသီမရွေးသွားလာနိုင်ရန် ခွဲကျောက်လမ်းအဖြစ် ဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၁၈

**ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၁၅ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့မှ မြစ်ကြီးနား–ဆွမ်ပရာဘွမ်–ပူတာအို လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး လမ်းတစ်လျှောက် လမ်း၊ တံတားလုပ်ငန်းများနှင့် လမ်းမိုင်တိုင် (၂၁/၀)၌ ကျိုန်ခရန် ယာယီဘေလီတံတားကြွခိုင်မှုကို စစ်ဆေးပြီး ကျိုန်ခရန်ချောင်း ရေစီးရေလာအခြေအနေ၊ ကမ်းပါး အခြေအနေ၊ အမြဲတမ်းတံတားအဖြစ် အဆင့်မြှင့်တည်ဆောက်မည့် တံတားအူကြောင်း လမ်းကြောင်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။**

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးတို့သည် မြစ်ကြီးနား–ဆွမ်ပရာဘွမ် လမ်းပိုင်း လက်ရှိ လမ်းအခြေအနေ၊ မိုးတွင်းကာလ လမ်းများ၊ တံတားများ ပြုပြင်ထိန်းသိမ်းထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

**ဖြည့်စွက်ဆောင်ရွက်ပေး**

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီးက ဆောက်လုပ်ရေး တာဝန်ခံများအား ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ မိမိတို့ တာဝန်ယူဆောင်ရွက်သည့် လမ်းပိုင်းအလိုက် လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းမီ လိုအပ်ချက်များ ပြုပြင်ဆောင်ရွက်ရန်၊ ရေနုတ်မြောင်းများ၊ ရေထုတ်ပြွန်များ ပြည့်စုံအောင် ဖြည့်စွက်ဆောင်ရွက်ပေးရန်၊ လမ်းသားချဲ့ပြီး ရာသီမရွေး လုံခြုံစိတ်ချစွာသွားလာနိုင်ရန် ခွဲကျောက်လမ်းအဖြစ် အချိန်မီ ဆောင်ရွက်ရန် တို့ကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



နှစ်ဖက်မိဘများနှင့် ခင်ပွန်း ဦးစစ်ဗိုအား ရည်စူး၍ မိခင်ဒေါ်ကျင်ပိုး အမှူးထားပြီး ရန်ကုန်မြို့ လသာမြို့နယ် ရွှေတိဂုံဘုရားလမ်း ၁၃/၄ လွှာနေသား ဦးတင်ထွဋ်၊ ဦးသိန်းထွန်း၊ ဒေါ်စိန်းစိန်း၊ ဒေါက်တာတင်အောင်၊ ဒေါ်သန်းသန်းမြင့် သားသမီးတစ်စုက ဒဂုံမြို့နယ် အမှတ်(၁၆)စကားဝါလမ်းရှိ မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ၁၂၀၀၀၀ကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန)ဘဏ္ဍာတော်ငွေထိန်း ဦးတင့်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

# လုပ်ပိုင်ခွင့်နှင့်တာဝန်ကို ဖြူစင်ဖြောင့်မတ်သော စိတ်စေတနာဖြင့် ထမ်းဆောင် ကိုယ်ကျိုးကို အလေးမထားဘဲ နိုင်ငံ့တာဝန်ကျေပွန်အောင်ဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၁၈

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၅၇/၂၀၀၅) ဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက်၇နာရီက ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန စစ်ရေးပြကွင်း၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။**

**တက်ရောက်**

သင်တန်းဆင်းပွဲသို့ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲရေးချုပ် ရဲမှူးချုပ် စိုးဝင်းမြင့်၊ ဗဟိုလေ့ကျင့်ရေးဌာန ကျောင်းအုပ်ကြီး ရဲမှူးချုပ်သိန်းတင့်၊ စီမံရေးနှင့် လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီးဝင်းခေါင်၊ မန္တလေးတိုင်းအတွင်းရှိ ပြည်ထဲရေးဝန်ကြီးဌာနအောက်မှ ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား ဒုတိယရဲအုပ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

**ချီတက်အလေးပြု**

စစ်ရေးပြအခမ်းအနားတွင် ဝန်ကြီးဗိုလ်ချုပ်မောင်ဦးက ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကို ခံယူ၍ တပ်ခွဲများကို စစ်ဆေးပြီး ဒုတိယ ရဲအုပ်လောင်းတပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် ဝန်ကြီးက အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း အောင်မင်းနိုင်၊ ဥပဒေထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်းဌေးလှိုင်၊ စစ်ပညာထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း အောင်နိုင်ဦး၊ သေနတ်ပစ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း သူရဌေး၊ အင်္ဂလိပ်စာထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ရာဇာမြင့်မြိမ်းနှင့် ကွန်ပျူတာထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ရန်နောင်စိုးတို့အား ဆုများကို ချီးမြှင့်သည်။

ယင်းနောက် ဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ခေါင်းဆောင်ငယ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်ပြီဖြစ်၍ ခန့်အပ်ခံရသည့် ခေါင်းဆောင်ငယ်အဖြစ်မှ စစ်မှန်သော ခေါင်းဆောင်ဖြစ်လာရန် ကိုယ်ပိုင်အရည်အချင်း ထိုးထွင်းဉာဏ်ဖြင့် တီထွင်ပေါင်းစပ် လုပ်ကိုင်သွားကြရန်၊ အဖွဲ့အစည်းတစ်ခုကို ဦးဆောင်ထိန်းချုပ်နိုင်ရန် ခေါင်းဆောင်စိတ်ဓာတ်၊ ခေါင်းဆောင် အရည်အသွေးဖြင့်သာ ဆောင်ရွက်ရမည်ကို သတိချပ်ပြီး ပြုမူနေထိုင်သွားကြရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အဓိက ရည်မှန်းချက်တာဝန်အပြင် နိုင်ငံတော်လုံခြုံရေးကိုပါ တပ်မတော်နှင့်လက်တွဲပြီး ထမ်းဆောင်သွားကြရန်၊ အမိနိုင်ငံတော်နှင့် လူမျိုးကို ချစ်မြတ်နိုးသည့်စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အမြဲရှင်သန်အောင် အစဉ်မွေးမြူ၍ ဒို့တာဝန်အရေးသုံးပါးကို မမိုတ်မသုန်သော ယုံကြည်ချက်ဖြင့် လေးလေးနက်နက်ခံယူပြီး ဦးထိပ်မှာပန်ဆင်ရန်၊ ပြည်သူလူထုအေးချမ်းစွာ ပရိယေသန ဝမ်းစာရှာဖွေနိုင်ရေးအတွက် ပြည်သူကို ဥပဒေနှင့်အညီ အလုပ်အကျွေးပြုရင်း ကာကွယ်စောင့်ရှောက်ရန်၊ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များ တိုးတက်လျက်ရှိသည်နှင့်အမျှ ခေတ်၏ တိုးတက်မှုကို အမီလိုက်ပြီး ကျော်လွှားနိုင်မည့် နည်းပညာ အမြင်ရှိရန်၊ နိုင်ငံတော်၏ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် စိတ်ဓာတ်ကောင်းခြင်း၊ စည်းကမ်းကောင်းခြင်း၊ စနစ်တကျရှိခြင်း၊ စေတနာပါခြင်း စသည့် "စလေးလုံး"ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ အထက်ဌာနက အမိန့်နှင့် ခန့်အပ်သည့် အရာရှိငယ်ဘဝမှ အောက်လက်ငယ်သား အသိုက်အဝန်းအားလုံးက လိုလားလက်ခံသည့် ခေါင်းဆောင်ငယ်များဖြစ်အောင် ဆက်လက်ဆည်းပူးလေ့ကျင့်သွားကြရန်၊ အဂတိ တရားကင်းစင်ပြီး စာရိတ္တခြစားမှု လုံးဝမရှိကြရန်၊ လုပ်ပိုင်ခွင့်နှင့် တာဝန်ကို ဖြူစင်ဖြောင့်မတ်သော စိတ်စေတနာဖြင့် ထမ်းဆောင်ရင်း မိမိကိုယ်ကျိုးကို အလေးမထား၊ သစ္စာတရားကို အလေးထားပြီး နိုင်ငံ့တာဝန်ကို ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအဖြစ် တပ်ဖွဲ့ဂုဏ်ရောင် ထွန်းပြောင်အောင် ရပ်တည်ဆောင်ရွက်သွားကြရန်၊ ပြည်သူဘက်က ရပ်တည်သောရဲ၊ ပြည်သူကိုကူညီစောင့်ရှောက် အလုပ်အကျွေးပြုသောရဲ၊ ပြည်သူနှင့် တစ်သားတည်းဖြစ်သော ရဲတပ်ဖွဲ့ဝင်ကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များ အောင်မြင်စေရေးအတွက် ရောက်ရာဒေသ၊ ကျရာအခန်းကဏ္ဍမှနေ၍ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား ၂၀၃ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ဒုတိယရဲအုပ်လောင်း သင်တန်း အမှတ်စဉ် (၅၇/၂၀၀၅) ဆင်းပွဲ အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အမှာစကား ပြောကြားစဉ်။** (ပြည်ထဲရေး)



## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၉–၁၁–၂၀၀၆ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ထက်မြက်ထူးခြား Aikido အားကစား |
| ၇း၃၀ | တေးဂီတအစီအစဉ် |
| ၇း၃၅ | Sunday Talk [ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)] |
| ၈း၃၀ | တေးဂီတအစီအစဉ် |
| ၈း၃၅ | ဆရာဦးမြင့်လွင် (သန့်–တည်–ပွား) ဟောပြောဆွေးနွေးသော "အပယ်ပိတ်တရား"(အပိုင်း–၄) (ဝိပဿနာအဓိပ္ပာယ်နှင့် ဘာကြောင့်အားထုတ်သင့်သလဲ) |
| ၈း၄၅ | နိုင်ငံတကာအနုပညာရေးရာ |
| ၉း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀ | လောကကို အလှဆင်မည့် ပန်းများရဲ့ဥယျာဉ် |
| ၉း၄၀ | တေးဂီတအစီအစဉ် |
| ၉း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၀ | ဂျာမနီရုပ်ရှင်ရိုက်ကွင်း အမှတ်တရ |
| ၁၀း၀၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၁၀ | World's Wonders |
| ၁၀း၂၀ | တေးဂီတအစီအစဉ် |
| ၁၀း၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၃၅ | Language Lab (အမက–၂)ကမာရွတ် |
| ၁၁း၀၅ | တေးဂီတအစီအစဉ် |
| ၁၁း၁၀ | အသွင်သစ်ကွန်ကရစ် တည်ဆောက်မှုရင်းမြစ် |
| ၁၁း၂၀ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ | မိသားစုတနင်္ဂနွေ (စွယ်တော်မြတ်စေတီ) |
| ၁၁း၄၀ | တေးဂီတအစီအစဉ် |
| ၁၁း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၅၀ | ထူးမြတ်သာသနာ သဲအင်းဝိပဿနာ |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**English Premier League ဘောလုံးပွဲစဉ်**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၀၀ | ပွဲကြိုသုံးသပ်ချက်(၁) | 5-Sports |
| ၇း၃၀ | ပွဲကြိုသုံးသပ်ချက်(၂) | 5-Sports(Live) |
| ၇း၅၅ | Wigan-Aston Villa | 5-Sports(Live) |
| ၁၀း၂၅ | Blackbum-Tottenham | 5-Sports(Live) |

**Series-A ဘောလုံးပွဲစဉ်**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၈း၀၀ | Roma-Catania | 5-Searis (Live) |



**ဒီဇင်ဘာ၂၉ရက်တွင် ကျင်းပမည့် အထက(၁)မုဒုံမြို့ (ယခင် ရှင်အရဟံ အထက်တန်းကျောင်း)၏ ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအတွက် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၃၅ရပ်ကွက် သန္တာ၂လမ်း အမှတ် ၇၃၃နေ ဦးအောင်နိုင်–ဒေါ်ထွေးထွေးရီမိသားစုတို့က အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ အတွင်းရေးမှူးဒေါက်တာတင်ရွှေက လက်ခံယူစဉ်။** (က–ပ)



**ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော (၂၂)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကို ၁၃၆၈ ခု တန်ဆောင်မုန်းလဆန်း ၁၄ ရက် နိုဝင်ဘာ ၃ရက်ညတွင် ရာဟုထောင့်(အောင်မြေ)၌ ကျင်းပရာ ပြိုင်ပွဲဝင် ရက်ကန်းစင်ကိုးသင်းအနက် ပထမဆုရ ရွှေတိဂုံရေကြည်တော်ဝတ်အသင်းအား ဂေါပကအဖွဲ့က ဆုပေးအပ်စဉ်။** (က–ပ)

# ကမ္ဘာတစ်လွှား အားကစား

## ဥရောပအကောင်းဆုံး ဘောလုံးသမားဆု အီတလီ အသင်းခေါင်းဆောင် ကင်နာဗာရိုဆွတ်ခူး

ရေးသားတင်ပြသူ-မြင့်မောင်စိုး

မက်ဒရစ် နိုဝင်ဘာ ၁၈

**၂၀၀၆ ကမ္ဘာ့ဖလားဆွတ်ခူးနိုင်ခဲ့သည့် အီတလီ ဘောလုံးအသင်းခေါင်းဆောင် ကင်နာဗာရိုသည် ဥရောပ အကောင်းဆုံးဘောလုံးသမားဆု ရွှေဘောလုံးဆုဆွတ်ခူး ရရှိကြောင်း ရီးရဲမက်ဒရစ်အသင်းဥက္ကဋ္ဌ ရေးမွန်းကယ် ဒါရွှန်က နိုဝင်ဘာ ၁၇ရက်တွင် ပြောကြားသည်။**



အီတလီ အသင်းခေါင်းဆောင် ကင်နာဗာရိုအား ၂၀၀၆ ကမ္ဘာ့ဖလားနှင့်အတူ ဤသို့တွေ့ရခဲ့ရသည်။

(ဓာတ်ပုံ-အင်တာနက်)

**ဖော်ပြ**

ယင်းရွှေဘောလုံးဆုကို ပြင်သစ်ဘောလုံးမဂ္ဂဇင်းမှ ချီးမြှင့်ပေးအပ်ခြင်း ဖြစ်သည်။ ၎င်းမဂ္ဂဇင်းအယ်ဒီတာသည် အဆိုပါ အကောင်းဆုံး ဘောလုံးသမားဆု ဆွတ်ခူးရရှိကြောင်း အတည်ပြုပြောကြားရန် ရီးရဲမက်ဒရစ်သို့ လာရောက်လည်ပတ်ခဲ့ကြောင်း စပိန်နေ့စဉ် သတင်းစာ မာကာက ရေးသားဖော်ပြသည်။

တကယ်တော့မိမိသည် ၎င်းဆုကိုရလိုကြောင်း၊ အလွန် အံ့သြမိကြောင်း ကင်နာဗာရိုက ပြောကြားသည်။

**ပြောင်းရွှေ့**

၎င်းသည် ဇူလိုင်လက ဘာလင်မြို့၌ ကျင်းပသော ၂၀၀၆ ကမ္ဘာ့ဖလား ဗိုလ်လုပွဲတွင် ပြင်သစ်အသင်းနှင့်ယှဉ်ပြိုင်ကစားရာ၌ အီတလီအသင်းကို ဦးဆောင်ကာ ကမ္ဘာ့ဖလား ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။ ယင်း ကမ္ဘာ့ဖလားအပြီး ကင်နာဗာရိုသည် ဂျူဗင်းတပ်စ်အသင်းမှ ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့လာခဲ့သည်။

အဆိုပါ အီတလီအသင်းခေါင်းဆောင်သည် ဥရောပအကောင်းဆုံး ဘောလုံးသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး ဖြစ်ကြောင်းလည်း အီတလီနေ့စဉ် သတင်းစာတစ်စောင်ကလည်း ဖော်ပြသည်။

**ဆွတ်ခူးနိုင်**

၎င်းသည် အဆိုပါအကောင်းဆုံးဘောလုံးသမားဆုကို ဆွတ်ခူးခဲ့ရာတွင် အီတလီနိုင်ငံမှ စတုတ္ထမြောက် ဘောလုံးသမားဖြစ်လာသည်။ ယင်းဆုကို အီတလီနိုင်ငံမှ ရစ်ဗားရားသည် ၁၉၆၉ခုနှစ်တွင်လည်းကောင်း၊ ပေါ်လိုရော့ဆီသည် ၁၉၈၂ခုနှစ်တွင်လည်းကောင်း၊ ရော်ဘတ်တိုဘက်ဂီယိုသည် ၁၉၉၃ ခုနှစ်တွင်လည်းကောင်း ဆွတ်ခူးနိုင်ခဲ့သည်။

**(အင်တာနက်)**

## ကမ္ဘာ့လက်ဝှေ့ကောင်စီ ဖလိုင်းဝိတ်တန်းချန်ပီယံ ထိုင်းနိုင်ငံသား ပွန်ဆက်လက်ဝန်ဂျွန်ခမ် ကာကွယ်နိုင်

စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ

ဗန်ကောက် နိုဝင်ဘာ ၁၈

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အရှေ့မြောက်ပိုင်း နာခွန်ရက်ချာစီမာ ပြည်နယ်လက်ဝှေ့ရုံအတွင်း နိုဝင်ဘာ ၁၇ ရက်က ယှဉ်ပြိုင်ထိုးသတ်သော ကမ္ဘာ့လက်ဝှေ့ကောင်စီ ဖလိုင်းဝိတ်တန်းချန်ပီယံထိုးသတ်ပွဲတွင် လက်ရှိချန်ပီယံ ပွန်ဆက်လက်ဝန်ဂျွန်ခမ်က အနိုင်ရခဲ့သည်။



**ထိုင်းနိုင်ငံမှ ဒဗလျူဘီစီဖလိုင်း ဝိတ်တန်းချန်ပီယံ ဂျွန်ခမ်(ဝဲ) စိန်ခေါ်သူ မိုနီလီစီမေစီနီအားဘယ်ဝိုက် လက်သီးထိုးရန်ပြင်နေစဉ်။** (ဓာတ်ပုံ-အင်တာနက်)

**ကာကွယ်နိုင်**

ထိုင်းနိုင်ငံသား ပွန်ဆက်လက် ဝန်ဂျွန်ခမ်သည် ကမ္ဘာ့လက်ဝှေ့ကောင်စီ(ဒဗလျူဘီစီ)၏ ဖလိုင်းဝိတ်တန်းလက်ရှိချန်ပီယံဖြစ်ပြီး စိန်ခေါ်သူ တောင်အာဖရိကနိုင်ငံသား မိုနီလီစီ မေစီနီအားအနိုင်ရရှိပြီး ချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သည်။

**အပေါ်စီး**

ပွန်ဆက်လက်ဝန်ဂျွန်ခမ်သည် ပထမအချီမှ စတင်ကာ အပေါ်စီးမှ ထိုးသွားနိုင်ခဲ့ပြီး စိန်ခေါ်သူ မိုနီလီစီ မေစီနီအား ကြမ်းပေါ်သို့ အကြိမ်ကြိမ်ကျအောင် ထိုးသတ်နိုင်ခဲ့သည်။

ဒဗလျူဘီစီ၏ ဖလိုင်းဝိတ်တန်းတွင် လောလောဆယ်၌ ပြိုင်ဘက်များကို အနိုင်ယူပြီး ဒဗလျူဘီစီဖလိုင်း ဝိတ်တန်း ချန်ပီယံအဖြစ် ထိုင်းနိုင်ငံသား ဂျွန်ခမ် ကာကွယ်လိုက်နိုင်ပြီ ဖြစ်သည်။

**(အင်တာနက်)**

## မစ်ဒယ်ဘာရော့နည်းပြ ဆောက်ဂိတ် ကြေးစားနည်းပြလိုင်စင် မရှိ



မစ်ဒယ်ဘာရော့နည်းပြဆောက်ဂိတ်

(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် နိုဝင်ဘာ ၁၈

မစ်ဒယ်ဘာရော့နည်းပြ ဆောက်ဂိတ်အနေဖြင့် ယခု ဘောလုံးရာသီ မကုန်ဆုံးမီအထိ နည်းပြအဖြစ် ဆက်လက်ရပ်တည်ခွင့်ကို ပရီမီယာလိဂ် ဘုတ်အဖွဲ့က ခွင့်မပြုလျှင် မစ်ဒယ်ဘာရော့အနေဖြင့် ဆောက်ဂိတ်နှင့် ပတ်သက်၍ ဆုံးဖြတ်ချက်တစ်ရပ်ကို နိုဝင်ဘာ ၂၂ရက်၌ ချမှတ်မည်ဖြစ်ကြောင်း သိရသည်။

မိမိတို့အနေဖြင့် ဆောက်ဂိတ်အား ပရီမီယာလိဂ်ဘုတ်အဖွဲ့က သနားညှာတာသော ဆုံးဖြတ်ချက်တစ်ရပ်သာ ချမှတ် မည်ဖြစ်သည်ဟု မျှော်လင့်ထားကြောင်း မစ်ဒယ်ဘာရော့ကလပ်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ကိတ်လမ်က ပြောကြားသည်။

အသက် ၃၆နှစ်အရွယ်ရှိ ဆောက်ဂိတ်သည် ယူအီးအက်ဖ်အေ၏ ကြေးစားလိုင်စင်မရရှိသေးသည့် နည်းပြ တစ်ဦးဖြစ်သည်။ လောလောဆယ်တွင် ဘီအဆင့်လိုင်စင်သာရရှိထားပြီး လာမည့်နှစ်နွေရာသီမှသာ ကြေးစားနည်းပြလိုင်စင် ရရှိမည်ဖြစ်သည်။

ဆောက်ဂိတ်သည် ဘောလုံးသမားဘဝမှနေ၍ အသင်း၏ လိုအပ်ချက်အရ မစ်ဒယ်ဘာရော့နည်းပြ ဖြစ်လာခဲ့သူ ဖြစ်သည်။

**(အင်တာနက်)**

## ကွင်းလယ်ကစားသမားအဖြစ်သာ လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်ကစားလို



**ကွင်းလယ်ကစားကွက်ကို နိုင်နိုင်နင်းနင်း ကစားနိုင်သည်ဆိုသော စတီဗင်ဂျရတ်။**

(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် နိုဝင်ဘာ ၁၈

လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်က ၎င်း အနေဖြင့် ကွင်းလယ်ကစားသမားနေရာမှ ကစားလျှင် အကောင်းဆုံးဖြစ်အောင် ကစားနိုင်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

**ကစားကွက်**

လီဗာပူးအသင်းနည်းပြ ဘင်နီတက်ဇ်သည် ဂျရတ်အား ညာတောင်ပံ ကစားသမားနေရာတွင် ထား၍ ကစားခဲ့မှုကြောင့် ကွင်းလယ်ကစားကွက်ပျက်ကာ အာဆင်နယ်ကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ပြီးခဲ့သော သီတင်းပတ်က လီဗာပူးအသင်းနှင့် အာဆင်နယ်တို့ ယှဉ်ပြိုင်ခဲ့ရာတွင် ကွင်းလယ်ကစားသမား တာဝန်ကို ဘင်နီတက်ဇ်က ဘိုလို ဇန်ဒန်အားပေးခဲ့သည်။

**သုံးလနားရမည်**

လီဗာပူးကွင်းလယ် ကစားသမား ဆစ်ဆိုကိုမှာလည်း ဘာမင်ဂန်နှင့်ပွဲတွင် ဒဏ်ရာရထား၍ သုံးလနားရမည်ဟု ဆိုသည်။ ဆစ်ဆိုကို ပြန်မကစားမီ ကွင်းလယ်တစ်နေရာတွင် မိမိအား ကစားခွင့်ပေးရန် ဂျရတ်က ဘင်နီတက်ဇ် အား ပြောကြားထားသည်။

**ခြေစွမ်းပြနိုင်**

ဂျရတ်သည် အမ်စတာဒမ်တွင် နယ်သာလန်အသင်းနှင့် အင်္ဂလန်တို့ ချစ်ကြည်ရေးပွဲယှဉ်ပြိုင် ကစားရာတွင် အလယ်တန်းတာဝန်ကို ကောင်းစွာ ခြေစွမ်းပြကစားနိုင်ခဲ့သည်။

**(အင်တာနက်)**

## အဲဗာတန် တိုက်စစ်မှူး ဂျွန်ဆင် ကွင်းလယ်ကစားသမားအဖြစ်ခြေစွမ်းမပြနိုင်

လန်ဒန် နိုဝင်ဘာ ၁၈

အင်္ဂလန်အသင်းနှင့် နယ်သာလန်အသင်းတို့ မကြာမီ ကစားခဲ့သော ချစ်ကြည်ရေးပွဲစဉ်၌ အဲဗာတန်တိုက်စစ်မှူး အင်ဒရူးဂျွန်ဆင်အား ကွင်းလယ်တွင် ကစားစေခြင်းနှင့် ပတ်သက်၍ အဲဗာတန်နည်းပြဒေးဗစ်မိုယက်စ်က အင်္ဂလန် နည်းပြ မက်ကလာရင်အား ဝေဖန်လိုက်သည်။



အဲဗာတန်တိုက်စစ်မှူးဂျွန်ဆင်

(ဓာတ်ပုံ-အင်တာနက်)

**ကွင်းလယ်နေရာ**

အသက် ၂၅နှစ်အရွယ်ရှိ အဲဗာတန်တိုက်စစ်မှူးဂျွန်ဆင်သည် နယ်သာလန်နှင့်ပွဲတွင် ကွင်းလယ်နေရာတွင် ကစားစေခဲ့သဖြင့် အခက်အခဲဖြစ်ခဲ့ရကြောင်း၊ စိတ်တိုင်းကျ မကစားနိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

**မကစားနိုင်**

သို့ရာတွင် ယခင်ပွဲများ ကဲ့သို့ ခြေစွမ်းပြမကစားနိုင်ခဲ့ကြောင်း သိရသည်။ အင်္ဂလန် နည်းပြ အဲရစ်ဆင် လက်ထက် ပြီးခဲ့သည့်နှစ်ကလည်း နယ်သာလန်အသင်းနှင့် ကစားခဲ့သည့်ပွဲ၌ ဂျွန်ဆင်အား ကွင်းလယ် ညာခြမ်းတွင် ကစားစေခဲ့ကြောင်း သိရသည်။

**ဂိုးမသွင်းနိုင်**

ဂျွန်ဆင်သည် အဲဗာတန်အတွက် ဂိုးမသွင်းပေးနိုင်သည်မှာ ခုနစ်ပွဲရှိပြီဖြစ်ကြောင်း အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်စ်ကပြောကြားသည်။

**(အင်တာနက်)**

## ချယ်လ်ဆီးအားကစားသမားရိုက်ဖီးလစ် ပထမ ကစားသမားနေရာ ရလိုဟုပြောကြား



**ပထမကစားသမားနေရာ ရလိုသည့် ချယ်လ်ဆီး တောင်ပံကစားသမား ရိုက်ဖီးလစ်။**

(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် နိုဝင်ဘာ ၁၈

ချယ်လ်ဆီးတောင်ပံကစားသမား ရိုက်ဖီးလစ်က ၎င်းအနေဖြင့် ချယ်လ်ဆီးအသင်းအတွင်းတွင် ပထမကစားသမားနေရာရလိုကြောင်း အခိုင်အမာပြောကြားသည်။

အသက် ၂၅နှစ်ရှိ အဆိုပါကစားသမားသည် ချယ်လ်ဆီးအသင်းတွင် စပွဲနှစ်ပွဲနှင့် လူစားထိုးကိုးပွဲပါဝင်ကစားခဲ့ရသည်။ လာမည့်ပွဲများအတွက် ချယ်လ်ဆီးတွင် ပါဝင်ကစားရန် အပြင်းအထန်လေ့ကျင့်ထားကြောင်း ပထမကစားသမားဖြစ်လိုကြောင်း၎င်းက ပြောကြားသည်။

**ယုံကြည်မှု**

ရိုက်ဖီးလစ်သည် ၂၀၀၅ခုနှစ် ဇူလိုင်လက မန်စီးတီးအသင်းမှ ချယ်လ်ဆီးသို့ရောက်လာပြီးနောက် ပထမနှစ်တွင် ကံမကောင်းခြင်းဖြင့် ရင်ဆိုင်နေရသည်။ သို့သော်လည်း မိမိသည် အသင်းတွင် ပွဲပြည့်ပါဝင်မကစားရသော်လည်း ယုံကြည်မှုများလျော့ကျသွားလိမ့်မည်မဟုတ်ဟု ၎င်းကပြောကြားသည်။

**(အင်တာနက်)**

## မင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဦးအောင်ကြည်** နှင့် ချစ်မေမေ **ဒေါ်သက်သက်ဆွေ** တို့၏ ၁၉-၁၁-၂၀၀၆ရက်နေ့တွင်ကျရောက်သော မင်္ဂလာနှစ်(၃၀)ပြည့်ရက်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစုနှင့် အေးအတူပူအမျှ မခွဲမခွာ တစ်သက်တာရှည်ကြာလက်တွဲ ခိုင်ခိုင်မြဲနိုင်ပါစေ။

**ဒေါက်တာဇော်မျိုးဆွေ - သမီးကြီး ဆုမြတ်သံလွင်အောင်**
**သမီးငယ် - ဆုမွန်သဇင်အောင်။**

## မင်္ဂလာဆည်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ နီလာလမ်း၊ တိုက် ၁၁၅၊ အခန်း ၄ နေ
ဦးလှမြင့်(တပ်မတော်-ရေ၊ ငြိမ်း)-ဒေါ်စန်းတင့်တို့၏သား

**မောင်မျိုးမင်းလတ် B.Sc (Physics)**
**(4th E, Uniteam Marine Ltd.)**

နှင့်

မော်ဘီမြို့၊ မြို့မ(၂)ရပ်ကွက်၊ နောင်ရိုး(၁)လမ်းနေ
ဗိုလ်ကြီးမြအုန်း(တပ်မတော်-ရေ၊ ငြိမ်း)-ဒေါ်ညွန့်ညွန့်ကြည်တို့၏သမီး

**ဒေါက်တာအေးပြည့်စုံ M.B.,B.S (YGN)**
**(လက်ထောက်ဆရာဝန်၊ ကျောက်ပန်းတောင်း ပြည်သူ့ဆေးရုံ)**

တို့၏ ၁၈-၁၁-၂၀၀၆ရက် မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး (ရောခန်းမ)တွင် ကျင်းပပြုလုပ်သော မင်္ဂလာဆည်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်မျိုးမင်းလတ်-ဒေါက်တာအေးပြည့်စုံ။**




## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ၂လမ်းသွယ် ၁ လမ်း၊ အမှတ် ၄၅ နေ
ဦးရွှေ(တိုင်းထွာရေးမှူး၊ မိုး/ဇလ၊အငြိမ်းစား)-ဒေါ်ကြိုင်တို့၏သားထွေး

**မောင်စိုးမြတ်ကျော်** **ဒုတိယနှစ် (မြန်မာစာ)**
**(ခေတ္တ-ဂျပန်)**

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရွှေလဝင်းလမ်း၊ အမှတ် ၁၇ နေ
ဦးဝိဆိုင်-ဒေါ်သန်း(ငွေခြင်္သေ့အမွေးတိုင်)တို့၏သမီးထွေး

**မဥမ္မာချို B.A (Philosophy), Q-1**
**(ခေတ္တ-ဂျပန်)**

တို့သည် နှစ်ဖက်သော လူကြီးမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်၌ ၄-၁၁-၂၀၀၆ရက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်စိုးမြတ်ကျော်-မဥမ္မာချို။**

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် ဝင်းမော်ဦး၏ နိုင်ငံကူးလက်မှတ် ၇၄၄၄၂၇ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၅၀ ၁၀၅၆၁။**




## ပုသိမ်မြို့ ကမ္ဘာအေးကျောင်းတိုက်ဦးစီးပဓာနဆရာတော်ကြီး သက်တော်(၁၀၁)နှစ်၊သိက္ခာတော်(၈၁)ဝါပြည့် ဝိဇာတမင်္ဂလာပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၈**

ပုသိမ်မြို့ အမှတ်(၃)နယ်မြေ ကမ္ဘာအေးကျောင်းတိုက်၏ ဦးစီးပဓာန နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သီရိန္ဒရမထေရ်မြတ်ကြီး၏ သက်တော်(၁၀၁)နှစ်၊သိက္ခာတော်(၈၁)ဝါပြည့် ဝိဇာတမင်္ဂလာပူဇော်ပွဲကို နိုဝင်ဘာ ၁၁ ရက်မှစ၍ အဆိုပါကျောင်း၌ သုံးရက်တိုင်တိုင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဆိုပူဇော်ခဲ့ပြီး ဓမ္မကထိက ရတနာသိင်္ဂီကျောင်းတိုက် ဆရာတော် အရှင်နေမိန္ဒက ညတရားပွဲကျင်းပပေးခဲ့ကြောင်းသိရသည်။

ထို့အပြင် နိုဝင်ဘာ ၁၄ရက်တွင် ပုသိမ်မြို့ မကျီးပင်တန်းနေ ဦးကိုကိုလေး - ဒေါ်ဌေးဌေးဝင်း မိသားစုက ပုနောပသမ္ပဒါကံဆောင် ပူဇော်ပြီး အမြို့မြို့အနယ်နယ်မှကြွရောက်လာသော ရဟန်းရှင်လူ ဧည့်ပရိသတ်များအား သက်ကင်းဒံပေါက် ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**







## တိုက်ကြီးမြို့ အထကနှင့်အလက အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၁၈**

တိုက်ကြီးမြို့ အထက၊ အလက ကျောင်းသူကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၃၁ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် တိုက်ကြီးမြို့ အထက ကျောင်းခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ကျောင်းသူ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးသိန်းအောင်(ဥက္ကဋ္ဌ) တိုက်ကြီးမြို့နယ်အသင်း ဖုန်း-၀၁-၅၂၆၁၆၄၊ ဦးတင်ဌေး (အတွင်းရေးမှူး) တိုက်ကြီးမြို့နယ်အသင်း ဖုန်း-၀၁-၂၂၁၇၄၅၊ ဦးမိုးကျော် ဖုန်း-၀၅၅- ၂၀၀၅၁၊ ဦးမြဝင်း ဖုန်း-၀၅၅-၂၀၁၀၄နှင့် ဒေါ်ကျင်နွဲ့ (သ/မ ဦးစီးဌာန) ဖုန်း-၀၅၅-၂၀၀၂၀၊ ၀၅၅-၂၀၂၆၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**










19-11 (14) 1 11/19/06, 1:40 PM

# သွေးလွန်ရောဂါခြင်းအကျိုး အသိပညာပေးဟောပြော

မိတ္ထီလာ နိုဝင်ဘာ ၅

**မိတ္ထီလာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် သွေးလွန်ရောဂါခြင်း၏ အကျိုးကျေးဇူးများနှင့် ကျန်းမာရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၀ရက် မွန်းလွဲ ၁နာရီက မိတ္ထီလာမြို့ ဗဟိုပို့ဆောင်ဆက်သွယ်ရေး သင်တန်းကျောင်း အောင်ဆန်းခန်းမတွင် ကျင်းပသည်။**

**ရှင်းလင်းဟောပြော**

ဟောပြောပွဲတွင် ဗဟိုပို့ဆောင်ဆက်သွယ်ရေး သင်တန်းကျောင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းခွဲဥက္ကဋ္ဌဒေါ်ခင်မာဦးနှင့် မိတ္ထီလာခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေစိုးသူတို့က အမှာစကား ပြောကြားကြပြီး မိတ္ထီလာမြို့ အထွေထွေရောဂါကု ဆေးရုံမှ ကလေးအထူးကုဆရာဝန် ဒေါက်တာ ဒေါ်ဌေးဌေးဝင်းက ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များ အာဟာရဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ လည်းကောင်း၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်း (မိတ္ထီလာ)မှ ဒေါက်တာခင်စိုးက တီဘီရောဂါအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့မှ ဒေါက်တာ အောင်ကျော်ထွေးက သွေးလွန်ရောဂါခြင်းနှင့် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းဟောပြောကြသည်။

**ပေးအပ်**

ထို့နောက် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်မေစိုးသူက မိသားစုဝင်များအတွက် အိုင်အိုဒင်းဆား ၇၈ ပိဿာကို ပေးအပ်ရာ ဗဟိုပို့ဆောင်ဆက်သွယ်ရေး သင်တန်းကျောင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲဥက္ကဋ္ဌ ဒေါ်ခင်မာဦးက လက်ခံရယူသည်။

**(ခရိုင် ပြန်/ဆက်)**





## ပူးပေါင်းစစ်ဆေး

**မင်းဘူးမြို့ စည်ပင်သာယာရေး ဈေးအတွင်း ရောင်းချလျက်ရှိသည့် ဆားများတွင် အိုင်အိုဒင်းပါဝင်မှု ပြည့်မီခြင်း ရှိမရှိကို အောက်တိုဘာ၉ရက်က အဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေး ဝန်ထမ်းများ ပူးပေါင်းစစ်ဆေးကြစဉ်။** (မြို့နယ်စည်ပင်)

# မန္တလေးကိုယ်ပွားသတင်းစာတိုက်မိသားစု မဟာဘုံကထိန် သင်္ကန်းကပ်လှူပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၈

**ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)ဝန်ထမ်း မိသားစုများ၏ ပဋ္ဌမအကြိမ် မဟာဘုံကထိန် သင်္ကန်းကပ်လှူပွဲ အခမ်းအနားကို နိုဝင်ဘာ ၄ ရက် နံနက် ၆နာရီက သတင်းစာတိုက် ဘုရားခန်းမ၌ ကျင်းပသည်။**

**ငါးပါးသီလ**

ရှေးဦးစွာ ဒေ့ပရိသတ်တို့က ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေ သာသနာ့နယ်မြေ ကမ္ဘာ့ငြိမ်းအေး ကျိုက်ထီးရိုးကျောင်းတိုက် ဘဒ္ဒန္တဝါရိတ္တထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ကထိန်လျှာသင်္ကန်း ကပ်လှူပူဇော်ရခြင်းအကျိုး တရားတော်များ နာယူကြသည်။

**ဆက်ကပ်**

ထို့နောက် ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး စာတည်းမှူး ဦးညွန့်ဇော်နှင့် ဇနီး **(အပေါ်ပုံ)** အရာထမ်း၊ အမှုထမ်းမိသားစုတို့က ဆရာတော် သံဃာတော်များအား ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**

**ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ဘဏ္ဍာရေးနှစ်တွင် မြို့သာယာလှပရေးအတွက် ကျောက်တံခါးမြို့ စိမ်းလဲ့ကန်သာ ပန်းခြံအတွင်း ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် ပန်းခုံများပြုပြင်ခြင်းလုပ်ငန်းများကို အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်ရာ အောက်တိုဘာ ၃၁ရက်က အမှုဆောင်အရာရှိဦးကျော်ဆန်းထွန်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ် ပြန်/ဆက်)



# ဖလမ်း၌ လုပ်ငန်းစွမ်းရည်မြှင့် သင်တန်းဖွင့်

**ဖလမ်း နိုဝင်ဘာ ၁၂**

ချင်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်သည် ဖလမ်းခရိုင်ဦးစီးအရာရှိ ဦးမန်းစိန် လိုက်ပါလျက် နိုဝင်ဘာ ၈ရက် နံနက်၉နာရီက တွန်းဇံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ရောက်ရှိရာ ရုံးအဆောက်အအုံ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြသမှုများ၊ စာကြည့်တိုက်လုပ်ငန်းနှင့် ရုံးလုပ်ငန်းများကို ကြည့်ရှုပြီး ဝန်ထမ်းများအား လိုအပ်သည်များ မှာကြားသည်။

**အမှာစကား**

ဆက်လက်၍ ဝန်ထမ်းများ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲကို ကျင်းပရာ လက်ထောက် ညွှန်ကြားရေးမှူးက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် လက်ထောက် ညွှန်ကြားရေးမှူး၊ ဦးစီးအရာရှိ၊ တွန်းဇံနှင့် ကျီခါးမြို့နယ်ဦးစီးမှူးတို့က သင်တန်း ဘာသာရပ်များကို ပို့ချဆွေးနွေးပြီး ညနေပိုင်းတွင် လက်ထောက် ညွှန်ကြားရေးမှူးက ဟောပြောပွဲဘာသာရပ်တွင် ဆုရရှိသူ တွန်းဇံမြို့နယ်ရုံးမှ ဦးဒိုစင်းမန်းအား ဆုချီးမြှင့်သည်။

သင်တန်းသို့ တွန်းဇံနှင့် ကျီခါးမြို့နယ်ရုံးဝန်ထမ်း ၁၂ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

**ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ဂေါ်ရခါးလမ်းကတ္တရာခင်းရန် လက်ထောက် အင်ဂျင်နီယာ ဦးကျော်စွာဦး ဦးစီး၍ အဖွဲ့ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေကို အောက်တိုဘာ ၂၉ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



# သန်လျင်မြို့နယ်၌ ဆင်းသွယ်လတ်စပါးဖြစ်ထွန်း စိုက်စနစ်မှန်ကန်ရေး လက်တွေ့ပညာပေးဆွေးနွေး

**သန်လျင် နိုဝင်ဘာ ၂**

သန်လျင်မြို့နယ် ညောင်သုံးပင်ကျေးရွာ ကွင်းအမှတ် (၆၈၁) မဆီးဖြူတောင်ကွင်းရှိ လယ်သမားကြီး ဦးစိန်ဝင်း၏ လယ်မြေတွင် မိုးစပါးအဖြစ် စိုက်ပျိုးထားသော ဆင်းသွယ်လတ်စပါး ၁၅ဧက အောင်မြင် ဖြစ်ထွန်းမှုကို အောက်တိုဘာ ၂၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဦးရဝေထွန်း၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်ကျော်၊ မြို့နယ်စက်မှုလယ်ယာ ဦးစီးအရာရှိ ဦးသိန်းဇော်နှင့် တာဝန်ရှိသူများ၊ တောင်သူများ ကွင်းဆင်းကြည့်ရှုကြသည်။

ဆင်းသွယ်လတ်စပါး စံကွက်ရိတ်သိမ်းရာ တစ်ဧက ၁၀၂ တင်းနှုန်း ထွက်ရှိပြီး မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်ကျော်က ဒေသခံတောင်သူများအား မျိုးသန့်များစိုက်ပျိုးရေး၊ မြေပြုပြင်ရာတွင် ထုံးထည့် အသုံးပြုရေး၊ စိုက်စနစ် မှန်ကန်ရေးတို့ကို ဆွေးနွေးပြီး စံကွက်ရိတ်သိမ်းခြင်းဖြင့် တောင်သူများ စပါးထွက်သည်မထွက်သည့်အကြောင်းများကို သိရှိပြီး နည်းပညာအရ ပြုပြင်သင့်သည်များကို ပြုပြင်၍ တစ်ဧကစပါးတင်း ၁၀၀ကျော် ထွက်ရှိနိုင်ရေးကို လက်တွေ့ ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(ခရိုင် ပြန်/ဆက်)**



# အင်္ဂပူမြို့နယ် ကျေးရွာစာကြည့်တိုက်များအတွက် ငွေပဒေသာပင်နှင့် စာအုပ်များပေးအပ်လှူဒါန်း

**အင်္ဂပူ နိုဝင်ဘာ ၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) ခေတ္တညွှန်ကြားရေးမှူး ဦးသန်းထွန်းသည် ဟင်္သာတခရိုင်ဦးစီးအရာရှိ ဦးဘိုလှရီ၊ အင်္ဂပူမြို့နယ်ဦးစီးမှူး ဦးအောင်ကြွယ်တို့နှင့်အတူ ညောင်ကျိုးကျေးရွာသို့ နိုဝင်ဘာ ၃ရက်က သွားရောက်ကာ ညောင်ကျိုးကျေးရွာ ဘဝတက္ကသိုလ် စာကြည့်တိုက်သို့ ကြည့်ရှုစစ်ဆေးပြီး ကျေးရွာခုနစ်ရွာ၏ စာကြည့်တိုက် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေးမှာကြားသည်။

**လှူဒါန်း**

ဆက်လက်၍ ညောင်ကျိုးကျေးရွာ ဘဝတက္ကသိုလ်စာကြည့်တိုက်သို့ AT Electronic Centre အမှတ် ၉၆/၉၈ ပန်းဆိုးတန်းလမ်း ရန်ကုန်မှ လှူဒါန်းသည့် ငွေကျပ်တစ်သောင်းနှင့် ညောင်ကျိုးကျေးရွာ ဘဝတက္ကသိုလ် စာကြည့်တိုက်၊ ပတုပ်ကျေးရွာ ဘဝလမ်းညွှန် စာကြည့်တိုက်၊ ညောင်ကုန်း၊ အိုးကွဲ၊ ဂွေးတောက်ချောင်း၊ အင်းကောက်နှင့် စစ်ကုန်းကျေးရွာစာကြည့်တိုက်များ သို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ လှူဒါန်းသည့် စာအုပ် ၃၀၀ကို ခေတ္တညွှန်ကြားရေးမှူး ဦးသန်းထွန်းက လှူဒါန်းရာ ညောင်ကျိုးကျေးရွာရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်နိုင်က လက်ခံရယူသည်။ **(အောက်ပုံ)**

ထို့နောက် ခေတ္တညွှန်ကြားရေးမှူး ဦးသန်းထွန်းသည် ဟင်္သာတခရိုင်ရုံး၊ ဇလွန်မြို့နယ်ရုံး၊ အင်္ဂပူမြို့နယ်ရုံးများအား စစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံပြီး စာကြည့်တိုက်နှင့် ပတ်သက်၍ ဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**



## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ကြီးမှူးကျင်းပသော ကျန်းမာရေးအတွက် သန့်ရှင်းသန့် ပညာပေးဇာတ်ညွှန်းပြိုင်ပွဲ

(၁) ဈေးသန့်ရှင်းခြင်း
(၂) အစာသန့်ရှင်းခြင်း
(၃) လက်သန့်ရှင်းခြင်း
(၄) အိမ်သာသန့်ရှင်းခြင်း

[illegible]

(၁) TV SPOT – (၆၀)စက္ကန့်
(၂) ကာတွန်း ANIMATION – (၆၀)စက္ကန့်
(၃) [illegible]

[illegible]

**ရောင်းမည်** ဖျာပုံမြို့နယ် ကျုံကျိုက်ခြံကျယ် ရောင်းရန်ရှိသည်။ အကျယ်အဝန်း ၂၃ ဧက (လန–၃၉)ကျပြီး အုန်းအပင် ၁၀၀၀ စိုက်ပျိုးပြီး လစဉ်ဝင်ငွေရှိသည်။ ညှိနှိုင်းဈေး။
**ဖုန်း–၇၂၈၂၈၇၊ ၀၉–၅၁၃၄၁၀၉၊ ၀၉–၅၀၀ ၂၈၃၅။**



## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ်**
**နတ်တော်လဆန်း ၁ ရက်**
**၂၀–၁၁–၂၀၀၆**
**(တနင်္လာနေ့)**

**နံနက်ပိုင်း**

၇း၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အာဋာနာဋိယသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်ထူးချွန်ဆု ရရှိသူများနှင့် ဆွေးနွေးခန်း) (အပိုင်း–၄)
၁၁း၄၀ သုတစုံစွာ သိမှတ်စရာ (ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ပြည်အတွေ့အကြုံ) (သိပ္ပံမှူးတင်)
၁၂း၀၀ တစ်ပတ်အတွင်းသတင်းပဒေသာ (ပြည်တွင်း)
၁၂း၂၅ အားကစားသတင်းပဒေသာ
၁၂း၃၅ ကျန်းမာရေးရာ ပြန်ကြားလွှာ
၁၂း၅၀ သီချင်းကြီးပဒေသာ
(၁) ပရမေရွှေဉာဏ်(ပတ်ပျိုး) (ကြည်ဖြူသန့်)
(၂) မြိုင်ဟေမာ (ယိုးဒယား) (ကိုမြသောင်း)
၁၃း၁၀ ပညာရေးအစီအစဉ် (စတုတ္ထတန်း–သမိုင်း) (ဒီးဒုတ်ဦးဘချို)

**ညနေပိုင်း**

၁၆း၁၀ အနုပညာရှင်များနှင့်ဆွေးနွေးခန်း (မန္တလေးသိန်းဇော်)
၁၆း၃၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
(၁) လှည်းယာဉ်တော် (အိအိချွန်)
(၂) ပန်းတို့ရွာ (ရွှေခယ်ကြည်လွင်)
(၃) တောခလေ့ (မေခလာ)
၁၇း၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)
၁၇း၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (စာဆိုပွဲတော် လနတ်တော်) (မေချို)
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉း၁၅ ဆိုင်းအဖွဲ့ ဖျော်ဖြေခန်း (မဟာရန်ကုန် စိန်ဘမော်ဆိုင်းနှင့် မဟာရန်ကုန် စိန်ဗိုလ်တင့် ဆိုင်းအဖွဲ့)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ဖွင့်မပြောရဲသူမို့ (မဠူမြင့်)
(၂) မေတ္တာသည်သာအလှပါ (ရာမညမိုးလွင်)
(၃) မောင့်အရည်အချင်း (မြတ်ဝတ်ရည်)

## ရှင်ပင်သစ္စာရနှင့် ဆံတော်ရှင် ကျိုက်ထီးရိုးလေးစေတီ ဗုဒ္ဓပူဇနီယပွဲ ကျင်းပမည်

**သာစည် နိုဝင်ဘာ ၆**

မန္တလေးတိုင်း မိတ္ထီလာခရိုင် သာစည်မြို့နယ်၏ ကျက်သရေဆောင် မင်းလှညောင်ရမ်း ကန်တော်ကြီးအတွင်းရှိ ရှင်ပင်သစ္စာရ ရွှေတိဂုံပုံတော်တူ စေတီတော်မြတ်ကြီး **(ဝဲပုံ)**နှင့်ကျိုက်ထီးရိုးဆံတော်ရှင် ပုံတော်တူ စေတီတော်မြတ်တို့၏ ဗုဒ္ဓပူဇနီယပွဲကို နတ်တော်လဆန်း ၁၀ရက် (နိုဝင်ဘာ ၂၉ ရက်) မှ နတ်တော်လပြည့် (ဒီဇင်ဘာ ၄ ရက်)အထိ ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်၊ မီးကြာခွက်မျှောပွဲ၊ ဘောလုံးပွဲ၊ ဘော်လီဘောပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ခြင်းခတ်ပွဲ၊ လှေပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများနှင့် ဇာတ်အဖွဲ့များဖြင့် ကျင်းပမည်ဖြစ်သည်။

နတ်တော်လပြည့်နေ့တွင် သံဃာ့အပါး ၁၀၀ကျော်အား မြို့နယ်လုံးကျွတ် စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ရိုးရာမပျက် စည်းကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး နတ်တော်လဆန်း ၁၄ ရက် (ဒီဇင်ဘာ ၃ ရက်)တွင် သာစည်မြို့အထက(၁)၏ (၁၈)ကြိမ်မြောက် ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**



## ဆက်ကပ်လှူဒါန်း

**မရှိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာ၌ တည်ဆောက်မည့် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ပညာသင်ရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်သစ်အတွက် ရန်ကုန်မြို့ လှိုင်မြို့နယ် အေးရိပ်မွန်အိမ်ရာ ပိတောက်လမ်း ခြံအမှတ် (၅) နေ ဒေါ်ကျင်ထွေး (ရတနာစိုး)မိသားစုနှင့် ဓမ္မမိတ်ဆွေ ခုနစ်ရက်သားသမီးများက အလှူငွေ ကျပ် သုံးသိန်းကို ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဥက္ကဋ္ဌဆရာတော် အရှင်ရာဇိန္ဒ(နာလန္ဒာ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)




# အမှတ်စဉ် (၆၈) လေယာဉ်မောင်းသင်တန်း ကျောင်းဆင်း တောင်ပံအပ်နှင်းပွဲအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကျင်းပ

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း တပ်မတော်(လေ) လေကြောင်းအတတ်သင် လေတပ်စခန်း အမှတ်(၁)လေယာဉ်မောင်းသင်တန်းကျောင်း အမှတ်စဉ်(၆၈) လေယာဉ်မောင်းသင်တန်း ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)



**နေပြည်တော် နိုဝင်ဘာ ၁၈**

တပ်မတော်(လေ) လေကြောင်းအတတ်သင် လေတပ်စခန်း အမှတ်(၁) လေယာဉ်မောင်းသင်တန်းကျောင်း အမှတ်စဉ်(၆၈) လေယာဉ်မောင်းသင်တန်း ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို နိုဝင်ဘာ ၁၇ရက် ည၇နာရီတွင် မိတ္ထီလာမြို့ ရှမ်းတဲရှိ လေကြောင်းအတတ်သင်လေတပ်စခန်း သူရအုန်းခိုင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ *စာမျက်နှာ ၃ ကော်လံ ၁* ✻

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# နိုင်ငံတော်၏စီးပွားရေးကဏ္ဍ ခိုင်မာတောင့်တင်းစေရန်ရှေးရှုဆောင်ရွက် တိုးတက်ပြောင်းလဲလာသော ကုန်သွယ်မှုနည်းစနစ်များနှင့်အညီလုပ်ကိုင်





**နေပြည်တော် နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် လိုက်ပါလျက် နိုဝင်ဘာ ၁၇ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်သို့ သွားရောက်၍ နှစ်ရှည်သီးနှံဖြစ်သည့် ရော်ဘာနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်ရွက်၌ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ကိုကိုနှင့် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်တို့က ရှင်းလင်းတင်ပြကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❒

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျိုင်းတုံ–တုံတာလမ်းပိုင်းရှိ တံတားအမှတ် (၃၈၆/၃) သံကူကွန်ကရစ် ၁၁ မိုင် တံတားပြင်ဆင်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်နှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ အကျိုးဖြစ်ထွန်းမည့် ဇီဝဒီဇယ်ထုတ်လုပ်မှုသရုပ်ပြ ခေတ်မီစနစ်ဖြင့် သန့်စင်သောဇီဝဒီဇယ်ထုတ်ယူနိုင်

**ရန်ကုန် နိုဝင်ဘာ ၁၈**

လာမည့်နှစ်ပေါင်း၅၀ခန့်တွင် ကမ္ဘာတစ်ဝန်း၌ သဘာဝ ရေနံသယံဇာတ အရင်းအမြစ်များ ကုန်ခန်းသွားနိုင်ကြောင်း သုတေသနပညာရှင်များက ခန့်မှန်းထားသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရေနံအစားထိုး လောင်စာစွမ်းအင်များရရှိရေးကို ဦးစားပေးအာရုံစိုက်ဆောင်ရွက်လာရာ ဇီဝဒီဇယ်ထုတ်လုပ်ရေးသည် ရှေ့တန်းရောက်လာသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ●

**သတင်း၊မြင်ကွင်း မောင်မောင်မြင့်ဆွေ ဓာတ်ပုံလက်ရာ တင်စိုး(မြန်မာ့အလင်း)**



ကြက်ဆူဆီမှ ဇီဝဒီဇယ်ထုတ်ယူရာတွင် အသုံးပြုသည့် လှောင်ကန်၊ ရောနှောကန်နှင့် ဇီဝဒီဇယ်ထုတ်ယူကန်များကို ပြပွဲတွင် ဤသို့တွေ့ရသည်။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

19-11 (20) 1 11/19/06, 1:40 PM